မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၅)၊ အမှတ် (၁၆၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူးများအား ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel, Ma Shoudong နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Senior Colonel, Fan Lian Feng တို့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (စက်တင်ဘာ ၂၈ ရက်) ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)

အတွေ့အကြုံနှင့် အတတ်ပညာပေါင်းစပ် ရထားစက်ခေါင်းနှင့်တွဲများ တီထွင်ကြံဆတည်ဆောက်

နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ရေးသည် ပဓာနကျသည့် လိုအပ်ချက်ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် လမ်းပန်းဆက်သွယ်မှု လွယ်ကူမြန်ဆန်ချောမွေ့လာရေး၊ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အပြန်အလှန် ကူးလူးဆက်ဆံရာမှ ချစ်ခင်ရင်းနှီးမှု တိုးတက်လာပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲစေရေးနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ စီမံကိန်းအများအပြားကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဗဟိုချက်မ နေပြည်တော်နှင့် နိုင်ငံအနှံ့ဒေသများသို့ ရထားလမ်းဆက်သွယ်မှုများကို တိုးချဲ့ဆောင်ရွက်နေသည့်နည်းတူ ရန်ကုန်နှင့်မန္တလေး စီးပွားရေး အချက်အချာဒေသနှစ်ခုအကြား ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု ပိုမိုအဆင်ပြေ ချောမွေ့စေရေးအတွက်လည်း အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲခြင်း၊ ကုန်ဈေးနှုန်းထိန်းသိမ်းရေးအတွက် ကုန်အမြန်ရထားနှင့် ကုန်စိမ်းအမြန်ရထားများ ပြေးဆွဲခြင်း စသည်တို့ဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)နှင့် ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်)နှင့် (အင်းစိန်)တို့မှ ရထားစီးခရီးသည်များအတွက် သက်သောင့်သက်သာရှိပြီး အဆင့်အတန်းရှိသော လူစီးတွဲများနှင့် ခိုင်ခံ့သော ကုန်တွဲများ၊ ရထားတွဲချိတ်ဆက်ပစ္စည်းများ၊ လူစီးတွဲသုံး ဘိုဂီများ၊ အထက်တန်းတွဲ ထိုင်ခုံများကို တီထွင်ထုတ်လုပ်ပေးလျက်ရှိသည်။

စက်ခေါင်းစက်ရုံအလိုက် ဒီဇယ်စက်ခေါင်းအမျိုးမျိုးကို ပြုပြင်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အရန်စက်ပစ္စည်းများကိုလည်း တီထွင်ထုတ်လုပ်ပေးလျက်ရှိသည်။ ရထားစက်ရုံများကဲ့သို့ အခြားနိုင်ငံပိုင်စက်ရုံများနှင့် ပုဂ္ဂလိကစက်ရုံများက ထုတ်လုပ်ပေးနိုင်သည်များလည်းရှိရာ အားလုံးညှိနှိုင်း ပေါင်းစပ်၍ ပူးပေါင်းအားထုတ်သွားကြပါက ဒီဇယ်စက်ခေါင်းတစ်ခုလုံး ထုတ်လုပ်သွားနိုင်မည်ဖြစ်သည်။

မြန်မာ့မီးရထားမှ ပညာရှင်များနှင့် ဝန်ထမ်းများအနေဖြင့် ကိုယ်ပိုင်အတွေ့အကြုံများနှင့် အတတ်ပညာများရှိပြီးဖြစ်၍ အကြီးစား ပြင်ဆင်မွမ်းမံရုံသာမက တွဲသစ်များကို အစအဆုံးထုတ်လုပ်နိုင်ရေးနှင့် ဒီဇယ်စက်ခေါင်းတစ်ခုလုံး တည်ဆောက်နိုင်ရေးကို တီထွင်ကြံဆ ကြိုးပမ်းအားထုတ် သွားကြရမည်ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကွန်ပျူတာအခြေခံ သင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၂၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ Government On-line System ကို မဏ္ဍိုင်ပြု e-Registration, e-Entrance, On-line D Form & Visa Project အတွက် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၀၆)ဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေက သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မှာကြားဖြည့်ဆည်းဆောင်ရွက်ပေး

သင်တန်းဖွင့်ပွဲအပြီးတွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များသည် သင်တန်းသား သင်တန်းသူများ အခြေခံကွန်ပျူတာ ဘာသာရပ်များ သင်ယူလေ့ကျင့်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၇

ကျန်းမာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၅ ရက် နံနက် ၈ နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုးတို့က အမှာစကား ပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ကျန်းမာရေးဦးစီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)၊ ဆေးသုတေသန ဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများကို တင်ပြပြီး ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူးများ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူးများ၊ ပါမောက္ခချုပ်များ၊ ဗဟိုအဆင့်ဆေးရုံများမှ ဆေးရုံအုပ်ကြီးများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

အမှာစကားပြောကြား

ယင်းနောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၈-၉-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၆၀)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ **သံဃာ့ဂုဏ်ရည်မြတ်လယ်တီ** -ထူးချွန်ထင်ရှားတပည့်များ (အပိုင်း-၂)
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့တက်လူ"** (အပိုင်း-၉)

စက်တင်ဘာ ၂၇ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တရုတ်ပြည်သူ့သမ္မတ နိုင်ငံစစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Senior Colonel, Fan Lian Feng အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်း–ရှေ့ဖုံး)(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မလေးရှားနိုင်ငံဆိုင်ရာ စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel, Sanusi Bin Hashim အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

စက်တင်ဘာ ၂၇ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ စစ်သံမှူး Senior Colonel, Ma Shoudong အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်း–ရှေ့ဖုံး)(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မလေးရှားနိုင်ငံ စစ်သံမှူး Colonel, Hj Abbas Bin Hj. Mat အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

● *ကျောဖုံးမှ*

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၂၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)က ကြီးမှူးဖွင့်လှစ်သည့် ကြီးကြပ်အဆင့်ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်းအမှတ်စဉ်(၁/၂၀၀၆) ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ လသာလမ်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါသင်တန်းသို့ ပြည်နယ်နှင့် တိုင်းများရှိ မြို့နယ်ဘဏ်ခွဲများမှ ကြီးကြပ်အဆင့် ဝန်ထမ်း ၄၀တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဒေါက်တာ မန်းသက်စံက "Energy, The Driving Force or the Dragging Force of the World Economy"ခေါင်းစဉ်ဖြင့် ဟောမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှိုင်ကော်မြို့နယ် နွားလဝိုးအခြေခံပညာအလယ်တန်းကျောင်းသို့ စာသင်ခုံများနှင့်ကျောင်းသုံးဗလာစာအုပ်များပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်တို့သည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် လှိုင်ကော်မြို့နယ် နွားလဝိုးအခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည့် ကျေးရွာပြည်သူလူထုနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် လှိုင်ကော်မြို့နယ် ၂၀၀၃–၂၀၀၄ ခုနှစ် သုတေသနစံပြကျွန်းစိုက်ခင်းငါးဧက ဖြစ်ထွန်းအောင်မြင်နေမှုနှင့် သစ်တောဦးစီးဌာန၏ ခြံစည်းရိုးကြက်ဆူစိုက်ခင်း ဧက ၁၀၀ ဖြစ်ထွန်းအောင်မြင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည်လှိုင်ကော်မြို့နယ် လင်ဖုန်လေးကျေးရွာ၌ ကျေးရွာပြည်သူလူထုနှင့် တွေ့ဆုံပွဲအခမ်းအနားကို ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဗဟိုအလုပ်အမှုဆောင်က စာရေးစားပွဲ

ထို့နောက် ဗဟိုအလုပ်အမှုဆောင်က ကျောင်းအတွက် စာသင်ခုံများနှင့် အလှူငွေကျပ်တစ်သိန်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဗလာစာအုပ်၁၆၂ဒါဇင်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ကျန်းမာရေးအသိပညာပေး ပိုစတာနှင့် အိုင်အိုဒင်းဆားများ ပေးအပ်လှူဒါန်းကြသည်။

ငါးစုံ၊အလှူငွေများနှင့်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဗလာစာအုပ်ဒါဇင် ၇၀ နှင့် ဆေးဖျန်းပုံးငါးလုံး ပေးအပ်လှူဒါန်းသည်။

အဆိုပြုလွှာလက်ခံ

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် လှိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲနှင့် တွေ့ဆုံပွဲအခမ်းအနားကို တက်ရောက်၍ လှိုင်ကော်မြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းလေးကျောင်းရှိ ကျောင်းသားကျောင်းသူ ၅၈၈ ဦး၏ အသင်းဝင်အဆိုပြုလွှာများကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးကပေးအပ်ရာ ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးကျော်ဆွေက လက်ခံသည်။ **(သတင်းစဉ်)**

တရုတ်လေအေးပေးစက်များ ပြည်ပတင်ပို့မှုမြင့်တက်

ပေကျင်း စက်တင်ဘာ ၂၇

တရုတ်နိုင်ငံတွင် ယခုနှစ်မှစတင်ကာ လေအေးပေးစက်များကို ပြည်ပနိုင်ငံများသို့ တင်ပို့မှုမှာ ပြည်တွင်းထုတ်လုပ်မှု၏ ၅၃ရာခိုင်နှုန်းခန့်ရှိသဖြင့် တင်ပို့မှုမြင့်တက်ခဲ့ကြောင်း တရုတ်နိုင်ငံ၏ ပြည်တွင်းဖြစ် အီလက်ထရွန်နစ်ပစ္စည်းများ ထုတ်လုပ်ရေးအဖွဲ့က ထုတ်ပြန်သော သတင်းတစ်ရပ်၌ ဖော်ပြသည်။

ကြိုးစား

တရုတ်နိုင်ငံ၏ လေအေးပေးစက် ပြည်တွင်း၌ ထုတ်လုပ်သူများက လွန်ခဲ့သည့်၁၆နှစ်ကပင် ပြည်ပသို့ လေအေးစက်များ တင်ပို့ရန် မျှော်မှန်းချက်ဖြင့် ကြိုးစားခဲ့ကြခြင်းဖြစ်သည်။ ယခုနှစ် တရုတ်လေအေးပေးစက်များ ပြည်ပတင်ပို့မှုသည် ပထမဆုံးပင်ဖြစ်သည်။

ထုတ်လုပ်နိုင်

တရုတ်နိုင်ငံသည် တစ်နှစ်လျှင် လေအေးပေးစက် အလုံးပေါင်း သန်း ၁၂၀ကျော် ထုတ်လုပ်နိုင်စွမ်းရှိရာ ကမ္ဘာပေါ်တွင် လေအေးစက်အများဆုံးထုတ်လုပ်သောနိုင်ငံဖြစ်သည်။

လိုအပ်

ထိုနှုန်းမှာ ကမ္ဘာ့လေအေးပေးစက် ဈေးကွက်၏လိုအပ်ချက် ၈၀ရာခိုင်နှုန်းကို တရုတ်နိုင်ငံက ထုတ်လုပ်လျက်ရှိခြင်းဖြစ်သည်။ လေအေးပေးစက် ထုတ်လုပ်မှုမှာ တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့ဝယ်လိုအားပြည့်မီအောင် ကြိုးစားထုတ်လုပ်ရန် လိုအပ်လျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ တီအန်မင်ရင်ပြင်တွင် ကမ္ဘာလှည့်ခရီးသည်များ ပျော်ရွှင်စွာ စွန်လွှတ်နေကြသည်ကို စက်တင်ဘာ ၂၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယသို့ ယူရေနီယံရောင်းချရန် ဩစတြေးလျစဉ်းစားနေ

ကင်ဘာရာ စက်တင်ဘာ ၂၆

ဩစတြေးလျနိုင်ငံသည် အိန္ဒိယနိုင်ငံသို့ ယူရေနီယံများရောင်းချပေးမှု တားမြစ်အစီအစဉ်ကို ပြောင်းလဲမည်မဟုတ်ကြောင်း၊ သို့သော် စဉ်းစားသုံးသပ်နေကြောင်း ဩစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်က စက်တင်ဘာ ၂၅ရက်၌ ပြောကြားလိုက်သည်။

ဖြည့်ဆည်းပေးမည်

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အသုံးပြုရန်အတွက် အိန္ဒိယနိုင်ငံက ယူရေနီယံများကို အသုံးပြုမည်ဆိုလျှင် မိမိတို့က ထောက်ပံ့ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်က နိုင်ငံပိုင် အသံလွှင့်ဌာနမှ သတင်းထုတ်ပြန် ပြောကြားလိုက်ခြင်းဖြစ်သည်။

တားမြစ်

ဩစတြေးလျ နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံကဲ့သို့သော နျူကလီးယားမပြန့်ပွားရေးစာချုပ် (အင်ပီတီ)စာချုပ်၌ လက်မှတ်ရေးထိုးခြင်းမပြုလုပ်ထားသော နိုင်ငံများသို့ ယူရေနီယံများကို ရောင်းချရန် တားမြစ်ထားသည်။

ပြောကြား

အိန္ဒိယနိုင်ငံသို့ လောလောဆယ် ယူရေနီယံ ရောင်းချမည်မဟုတ်ကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက စက်တင်ဘာ ၂၅ရက်၌ ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကယ်လီဖိုးနီးယားပြည်နယ်တွင် တောမီးများ လောင်ကျွမ်းရာသို့ သွားရောက်ငြိမ်းသတ်သည့် ရဟတ်ယာဉ်တစ်စီးကို စက်တင်ဘာ ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကယ်လီဖိုးနီးယားတွင် တောမီးလောင်

ကယ်လီဖိုးနီးယား စက်တင်ဘာ ၂၇

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လောခ်ဝုဒ့်မြို့အနီးတွင် စက်တင်ဘာ ၂၃ရက်က တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားရာ မီးသတ်မော်တော်ယာဉ်များနှင့်အတူ ရဟတ်ယာဉ်များကလည်း ကူညီမီးငြိမ်းသတ်ပေးခဲ့ရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ယင်းမီးလောင်ကျွမ်းမှုသည် ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်း အိုဂျေမြို့ အရှေ့ဘက် ၁၅ကီလိုမီတာ အကွာရှိ လော့စ်ပါဒါ အမျိုးသားသစ်တောအတွင်း လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး သစ်တောဟတ်တာ ၄၇၃၅၀ (ဧက ၁၁၇၀၀၀)ကို လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မီးငြိမ်းသတ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အင်တာနက်)

နိုင်ဂျီးရီးယား၌ ရထားလမ်းဖောက်ရေး တရုတ် ကူညီမည်

လာဂို့စ် စက်တင်ဘာ ၂၆

တရုတ်ပြည်သူ့သမ္မတ နိုင်ငံသည် နိုင်ဂျီးရီးယားနိုင်ငံ၌ ကီလိုမီတာ ၁၄၀၀ ရှည်လျားသည့် လာဂို့စ်-ကာနို အဆင့်မြင့် မီးရထားလမ်း ဖောက်လုပ်ရန် အကူအညီ ပေးမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယား မီးရထားကော်ပိုရေးရှင်းမှ ပြောခွင့်ရ ပုဂ္ဂိုလ်တစ်ဦးက စက်တင်ဘာ ၂၅ရက်၌ ပြောကြားသည်။

ရင်းနှီးမြှုပ်နှံ

နှစ်လမ်းမောင်းအဖြစ် တည်ဆောက်မည့် အဆိုပါ ရထားလမ်းအတွက် အမေရိကန်ဒေါ်လာ ၈ဒသမ၃ ဘီလီယံ ရင်းနှီးမြှုပ်နှံ အကုန်အကျခံ၍ တည်ဆောက်မည်ဖြစ်ကြောင်း အဆိုပါ ပြောခွင့်ရပုဂ္ဂိုလ် ဒေးဗစ်ဒါကွတ်ဆုက သတင်းထောက်များအား ပြောကြားသည်။

ထိုသို့ အဆင့်မြင့် မီးရထားလမ်းကြီး ဖောက်လုပ်တည်ဆောက်ရာတွင် နိုင်ဂျီးရီးယား ကုမ္ပဏီများက ပါဝင် ပူးပေါင်းဆောင်ရွက်ကြလိမ့်မည်ဟု မျှော်လင့်ကြောင်း နိုင်ဂျီးရီးယား မီးရထား ပို့ဆောင်ရေးကော်ပိုရေးရှင်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မာရှယ်လောထုတ်ထားသည့်ထိုင်းနိုင်ငံ၌

ထိပ်တန်းအသံလွှင့်မီဒီယာ၏ညွှန်ကြားရေးမှူးများအဖွဲ့ နုတ်ထွက်

ဗန်ကောက် စက်တင်ဘာ ၂၇

ထိုင်းနိုင်ငံ၏ ထိပ်တန်းအသံလွှင့်မီဒီယာဖြစ်သည့် အမ်စီအိုတီ ကုမ္ပဏီလီမိတက်၏ ညွှန်ကြားရေးမှူးများ ဘုတ်အဖွဲ့က စက်တင်ဘာ ၁၉ ရက်က ထုတ်လွှင့်မှုနှင့်ပတ်သက်၍ တာဝန်မကင်းဟုဆိုကာ အင်္ဂါနေ့တွင် တစ်ဖွဲ့လုံး ရာထူးမှနုတ်ထွက်လိုက်ကြကြောင်း အဖွဲ့ဥက္ကဋ္ဌ မင်ဂွမ်ဆန်ဆူဝမ်က စက်တင်ဘာ ၂၆ ရက်၌ ကြေညာသည်။

တစ်ဖွဲ့လုံးရာထူးမှ နုတ်ထွက်မှုသည် ဗုဒ္ဓဟူးနေ့မှ စတင်အာဏာတည်စေသည်ဟု ထိုင်းသတင်း အေဂျင်စီ (တီအင်န်အေ)က ကြေညာသည်။

ထိုင်းနိုင်ငံတွင် ဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်၏ အိမ်စောင့်အစိုးရကို (ကြည်း၊ ရေ၊ လေ)နှင့် ရဲတပ်ဖွဲ့အကြီးအကဲများက စက်တင်ဘာ ၁၉ ရက်က အာဏာသိမ်းလိုက်ပြီး တစ်နိုင်ငံလုံး မာရှယ်လောဥပဒေထုတ်ပြန်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပါလီမန်နှစ်ရပ်၊ ဖွဲ့စည်းပုံဆိုင်ရာ တရားရုံးနှင့် အစိုးရအဖွဲ့တို့ကို ဖျက်သိမ်းခဲ့သည်။

ထို့ပြင် ထိုင်းအာဏာသိမ်း ခေါင်းဆောင်များက နိုင်ငံတစ်ဝန်း နိုင်ငံရေးပါတီများ၏ လှုပ်ရှားမှုများကို ပိတ်ပင်တားမြစ်လိုက်ပြီး လူငါးဦးထက်ပို၍ လူစုလူဝေးမပြုလုပ်ကြရန်လည်း အမိန့်ကြေညာချက် ထုတ်ပြန်ထားသည်။ ထို့အပြင် မီဒီယာများကိုလည်း အကန့်အသတ်ပြုလိုက်သည်။

ထိုင်းစစ်ဘက်၏ အာဏာသိမ်းမှုနောက်ပိုင်း စက်တင်ဘာ ၂၀ရက်မှစတင်၍ ထိုင်းနိုင်ငံတစ်ဝန်း ကုန်ဈေးနှုန်းများ မြင့်တက်သွားခဲ့သည်။

အမ်အင်အေ/ဆင်ဟွာ/ရိုက်တာ

ကားဗုံးခွဲမှု အီရတ်စစ်သားနှစ်ဦးသေဆုံး

မိုဆူးလ် စက်တင်ဘာ ၂၇

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တော် အနောက်မြောက်ဘက် တာလ်အဖာမြို့ရှိ စစ်ဆေးရေး ဂိတ်တစ်ခုတွင် အသေခံကားဗုံးခွဲမှုကြောင့် အီရတ် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က စက်တင်ဘာ ၂၄ရက်တွင် ပြောဆိုသည်။

ပျက်စီး

အသေခံကားဗုံးခွဲသည့် အတွက် အနီးရှိ အဆောက်အအုံများနှင့် မော်တော်ကားသုံးစီးလည်း ပျက်စီးသွားသည်။

တည်ရှိ

တာလ်အဖာမြို့သည် မိုဆူးလ်မြို့တော်၏ အနောက်မြောက်ဖက် ကီလိုမီတာ ၆၀တွင် တည်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့ အနောက်မြောက်ဘက်တွင် ကားဗုံးခွဲမှုတစ်ခုကို စက်တင်ဘာ ၂၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး
အမျိုးသမီးသက်မွေး အတတ်ပညာသင်တန်းကျောင်း၌ အသိပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်၉နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီး ဒုတိယဌာနကြီးမှူး ဒေါ်မြမြနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ပြန်ကြားရေးရာ ဌာနအဖွဲ့ဝင်များ၊ အမျိုးသမီးသက်မွေး အတတ်ပညာ သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး၊ ဆရာမများနှင့် ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ကိုယ်စားဒုတိယဌာနကြီးမှူး ဒေါ်မြမြက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဟောပြော

ဆက်လက်၍ အမျိုးသား စာပေ ဆုရ စာရေးဆရာမ မစန္ဒာက **"ဖန်ခွက်ထဲက ရေတစ်ဝက်"** ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် အမျိုးသမီးသက်မွေး အတတ်ပညာ သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာမြင့်ကကျေးဇူးတင်စကားပြောကြားပြီး ဟောပြောပေးသော စာရေးဆရာမ မစန္ဒာအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ကာ ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။

ပေးအပ်လှူဒါန်း

အဆိုပါ အမျိုးသမီးသက်မွေး အတတ်ပညာ သင်တန်းကျောင်းရှိ အမျိုးသမီးလေးများ နံနက်စာနှင့် နေ့လယ်စာအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ငွေကျပ် ၄၅၀၀၀၊ ရန်ကုန်တိုင်းနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့တို့က နေ့လယ်စာအတွက် ငွေကျပ် ၃၇၀၀၀တို့ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာမြင့်ထံ ပေးအပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဗိုလ်တထောင်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ၂၄ရက်က ကျင်းပရာ ပထမတန်းစာမေးပွဲ၌ ပထမဆုရရှိခဲ့သော မချောသီရိခိုင်အား ကျောင်းအုပ်ကြီးဦးခင်မောင်ဝင်းက ဆုချီးမြှင့်ပေးအပ်စဉ်။ (က-ပ)

ခေတ်သစ်အလင်းရောင်စာကြည့်တိုက်အဆင့်မြှင့်ဖွင့်

ရန်ကုန် စက်တင်ဘာ ၂၇

အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့သစ်(က+ခ)ရပ်ကွက်ခေတ်သစ်အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆင့်မြှင့် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက ရပ်ကွက်အသင်းရုံး၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

တက်ရောက်

ယင်းနောက်စာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားကိုမြို့သစ်(က+ခ)ရပ်ကွက် ဆွမ်းလောင်းမဏ္ဍာရုံတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ ရန်ကုန်မြောက်ပိုင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြသင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်နှင့် အဖွဲ့ဝင်များ၊ အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့သစ်(က+ခ)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့သစ်(က+ခ)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးမင်းလွင်နှင့် အဖွဲ့ဝင်များ၊ NGO အဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အလှူရှင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ် ဥက္ကဋ္ဌနှင့် မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိတို့က အဖွင့်အမှာစကားပြောကြားပြီး အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လှူဒါန်း

ထို့နောက် အလှူရှင်များက အလှူငွေနှင့် စာအုပ်များလှူဒါန်းရာ အင်းစိန်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြက စာအုပ်မျိုးစုံ ၅၅ အုပ်နှင့် အလှူရှင်များက ဆက်လက်လှူဒါန်းရာ စာအုပ်မျိုးစုံ ၂၈၁၇အုပ် လှူဒါန်းကြပြီး စာကြည့်တိုက်ရန်ပုံငွေအဖြစ် ငွေကျပ် ၁၀၅၀၀၀ ပေးအပ်လှူဒါန်းသည်။

(ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် ရန်ကုန်မြို့ အမှတ် ၁၆၅ အောင်မင်္ဂလာလမ်း၊ (၄)ရပ်ကွက် မရမ်းကုန်းမြို့နယ်နေ ဦးကျော်ဝင်း-ဒေါ်စိန်မြင့်၊ ဦးအောင်ကျော်မြင့်၊ ဗိုလ်မှူးကြီးမျိုးအောင်ဌေး-ဒေါ်အေးအေးမြင့်၊ ဦးမိုးသူရ-ဒေါ်အေးအေးမော်၊ ဦးနိုင်ဝင်း-ဒေါ်တင်တင်အေး၊ ဦးကိုကိုလတ်-ဒေါ်တင်စိုးမော်မိသားစုက အလှူငွေကျပ် တစ်သိန်းငါးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် နှစ်ဖက်သော မိဘများအမှူးထား၍ အမှတ် ၆၅ (ပထမထပ်) တရုတ်ကျောင်းလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့နေ ဒေါက်တာဦးဝင်းမြင့် ရွှေမြားသွားနှင့် ခံတွင်းရောဂါကုဆေးခန်း-ဒေါ်မေရီသား မောင်မင်းခိုင်ဝင်းမြင့်၊ သမီး မကြည်သာဝင်းမြင့်၊ မေသီကိုဝင်းမြင့် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းအမှုဆောင်ဆရာတော် အရှင်ဝီရိယ (နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

အာကာသတွင် လူနာခွဲစိတ်ကုသရေး ပြင်သစ်ဆရာဝန်များအဖွဲ့ စီစဉ်

အထူးစီမံထားသည့် လေယာဉ်တစ်စင်းပေါ်တွင် အလေးချိန်ကင်းမဲ့သည့် အခြေအနေ၌ လူသားတစ်ဦးကို ပထမဆုံး ခွဲစိတ်ကုသရန် ပြင်သစ်ဆရာဝန်များ အဖွဲ့တစ်ဖွဲ့က စီစဉ်လျက်ရှိသည်။

အာကာသတွင် ခွဲစိတ်ကုသရေး ပထမခြေလှမ်းအဖြစ် ထိုသို့ စီစဉ်စမ်းသပ်ခြင်းဖြစ်သည်ဟု မျှော်လင့်သည်။

ခွဲစိတ်ဖော်ထုတ်

လေယာဉ်က အလေးချိန်ကင်းမဲ့အောင် ဆောင်ရွက်ပေးစဉ် စေတနာ့ဝန်ထမ်းတစ်ဦး၏ လက်မောင်းမှ အန္တရာယ်မပေးသည့် အကျိတ်တစ်ခုကို ဆရာဝန်များက ခွဲစိတ် ဖယ်ထုတ်ပေးမည်ဖြစ်သည်။

ခွဲစိတ်ခံမည့်သူကို ပလတ်စတစ် တဲတစ်လုံးအတွင်းထားပြီး ခွဲစိတ်ဆရာဝန်များကိုမူ လေယာဉ်နံဘေးတွင် တွဲဖက်ချည်နှောင်ထားမည်ဖြစ်သည်။ ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်းတွင် လေယာဉ်သည် သုံးနာရီကြာ ပျံသန်းပေးမည်ဖြစ်ကြောင်း သိရသည်။ **(ကိုးကား-အင်တာနက်)**



ကြယ်များကိုပတ်နေသည့် ဂြိုဟ်နှစ်လုံး နက္ခတ်လေ့လာရေးအဖွဲ့ တွေ့ရှိ

အလွန်ဝေးကွာသည့် ကြယ်များကိုပတ်နေသော ဂြိုဟ်နှစ်လုံးကို တွေ့ရှိသဖြင့် သိပ္ပံပညာရှင်များ လှုပ်လှုပ်ရွရွ ဖြစ်ကုန်သည်။

ဂြိုဟ်နှစ်လုံး

ဗြိတိန်နိုင်ငံ စိန့်အင်ဒရူးတက္ကသိုလ်မှ ပါမောက္ခအင်ဒရူးကော်လီယာ အပါအဝင် ဗြိတိန်သိပ္ပံပညာရှင်များ ဦးဆောင်သည့် အဆိုပါ နက္ခတ်လေ့လာရေးအဖွဲ့က ကင်မရာမှန်ဘီလူးများနှင့် အနုစိတ်စူးစမ်းရေးကိရိယာများ အသုံးပြုလေ့လာခြင်းဖြင့် ထိုဂြိုဟ်နှစ်လုံးကို တွေ့ရှိခြင်းဖြစ်သည်။

လွှဲအပ်

သိပ္ပံပညာရှင်များသည် သံသယဖြစ်ဖွယ် အချက်အလက်များစွာ တွေ့ရပြန်သဖြင့် စစ်ဆေးပေးရန် ပြင်သစ် နက္ခတ်တာရာလေ့လာရေးဌာနသို့ လွှဲအပ်လိုက်သည်။

ယင်းဂြိုဟ်နှစ်လုံးတွေ့ရှိရန် သူတို့သည် ကြယ်ပေါင်း ၁ဒသမ၁သန်းခန့်ကို လေ့လာစူးစမ်းခဲ့ကြသည်။ ရွှေကျင်ရာဘိသကဲ့သို့ဖြစ်ကြောင်း ပါမောက္ခ အင်ဒရူးကော်လီယာက ပြောဆိုသည်။ **(ကိုးကား-အင်တာနက်)**

28-9 (05) 1 9/28/06, 1:18 AM

တမူး–စေတီလမ်းပိုင်း၌ အရှည်ပေ ၄၂၀ ရှိ ဗိုင်လင်းတံတားဖွင့်ပွဲကျင်းပ လမ်းကြောင်းသစ်တစ်ခုဖွင့်လှစ်နိုင်၍ ဒေသခံပြည်သူများ အကျိုးရလဒ်တိုးပွား နိုင်ငံတော်က ပြည်သူများ၏ စီးပွားရေးစည်ပင်အောင် အမြဲမပြတ်ကြိုးပမ်း

ရန်ကုန် စက်တင်ဘာ ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၄)က စစ်ကိုင်းတိုင်း တမူးမြို့နယ်ရှိ တမူး–စေတီလမ်း မိုင်တိုင်(၃၇/၂)၌ နန့်ယားချောင်းကိုဖြတ်၍ တည်ဆောက်ပြီးစီးသွားသည့် ဗိုင်လင်းတံတားဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အက အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ဗိုင်လင်းတံတားဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (ဆောက်လုပ်ရေး)

တိုးပွားဖြစ်ထွန်း

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဂုဏ်ပြုအမှာစကား ပြောကြားရာ၌ ဤတံတားကြီးကို ဖွင့်လှစ်ပေးခြင်းဖြင့် တမူးနှင့် စေတီကို မော်တော်ကားဖြင့် အချိန်တိုစွာသွားလာနိုင်တော့မည်ဖြစ်၍ ဤဒေသအတွက် လမ်းကြောင်းသစ်တစ်ခု ဖွင့်လှစ်နိုင်ခြင်းကြောင့် ဒေသခံ တိုင်းရင်းသားပြည်သူများအတွက် လူမှုရေး၊ စီးပွားရေးအကျိုးရလဒ်ကောင်းများ တိုးပွားဖြစ်ထွန်းလာမည်ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများအားလုံး လူမျိုး၊ ဘာသာမခွဲခြားဘဲ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် စိတ်အေးချမ်းမြေ့စွာ လူနေမှုဘဝအဆင့်အတန်း မြင့်မားစွာ နေထိုင်နိုင်စေရန်ဆိုသည့် မွန်မြတ်သော စေတနာကောင်းဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်း ဒေသများအားလုံး ဟန်ချက်ညီညီ၊ မျှမျှတတ သဟဇာတဖြစ်စွာ ဖွံ့ဖြိုးတိုးတက်လာစေရအောင်နှင့်ပြည်သူများ၏ စီးပွားရေးဘဝ ပိုမိုတိုးပွားစည်ပင်စေရအောင် အမြဲမပြတ် ဝါယမစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေး အားနည်းမှုကြောင့် ဖွံ့ဖြိုးမှုတွင် နောက်ကျကျန်နေရသည့် ဒေသများကို ဖော်ထုတ်ပြီး လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်မှုမှတစ်ဆင့် ဒေသဖွံ့ဖြိုးမှုအခြေခံကောင်းများ အချိန်တိုအတွင်း ဖြစ်ထွန်းလာစေရအောင် ပြည်ထောင်စုလမ်းမကြီးများ၊ အချက်အချာကျသည့် မြို့ကြီးများ အချင်းချင်း ဆက်သွယ်သည့် လမ်းမကြီးများနှင့် မြစ်ကူး၊ ချောင်းကူးတံတားကြီးများကို တည်ဆောက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်အတွင်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံကောင်းများ၊ တည်ငြိမ်အေးချမ်းမှုနှင့် စည်းလုံးညီညွတ်မှု အခြေခံကောင်းများကို အခိုင်အမာတည်ဆောက်ပေးနိုင်ပြီ ဖြစ်သည်နှင့်အညီ မူလရည်ရွယ်ချက်အတိုင်း နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ကူးပြောင်းနိုင်စေရန် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီလည်း ဖြစ်ကြောင်း။

အခြေခံကောင်းများ

ပြည်သူများအပိုင်းကလည်း ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် ငြိမ်းချမ်းသာယာမှု၊ တည်ငြိမ်အေးချမ်းမှု၊ ပေါင်းစည်းညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရေရှည်တည်တံ့ခိုင်မြဲပြီး ဆက်လက် တိုးပွားဖြစ်ထွန်းစေရအောင် ဘေးပယောဂများကို ရှောင်ရှားပြီး နိုင်ငံတော်အစိုးရနှင့် လက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် ၁၀ စုနှစ် တစ်ခုကျော်ကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူအကျိုး ကြိုးပမ်းစွမ်းဆောင်ပေးခဲ့မှုများမှာ ဖြူစင်သည့် စေတနာနှင့် စစ်မှန်သည့် ကြိုးပမ်းအားထုတ်မှုများသည် ပေါ်လွင်ထင်ရှားနေပြီဖြစ်သည်နှင့်အညီ ပြည်သူများဘက်မှလည်း နိုင်ငံတော်၏မှန်ကန်သည့် မူဝါဒ၊ ရိုးသားဖြောင့်မတ်ဖြူစင်သည့် စေတနာ၊ မေတ္တာတို့ကို သိမြင်ထောက်ထားပြီး အများလိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးနှင့် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ ဥမကွဲသိုက်မပျက် တည်တံ့ခိုင်မြဲရေးတို့အတွက် ဆက်လက်ပြီး အားသွန်ခွန်စိုက် လက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတား တည်ဆောက်ပေးရခြင်းနှင့် တံတား တည်ဆောက်ရေးလုပ်ငန်း၊ တံတားပိုင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားရာတွင် တပ်မတော်အစိုးရ တာဝန်ယူခဲ့သည့် ၁၈ နှစ်တာ ကာလအတွင်းတွင် တစ်ပြည်လုံး၌ လမ်းမိုင် ၅၃၈၆ မိုင် တိုးတက်ဖောက်လုပ်နိုင်ခဲ့ပြီး ပေ ၁၈၀ နှင့်အထက် တံတားကြီးပေါင်း ၂၁၈ စင်းကို တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ဖွင့်လှစ်ပေးနိုင်ခဲ့

စစ်ကိုင်းတိုင်းအတွင်း၌ ဆိုလျှင် လမ်းမိုင် ၇၆၃ မိုင်နှင့် ပေ ၁၈၀ နှင့် အထက် တံတားကြီးပေါင်း ၁၂ စင်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ နောက်ထပ်လည်း ကံကြီးဝတံတား၊ ဥရုတံတားနှင့် နမ့်စလိန်တံတားများကိုလည်း အမြန်ပြီးစီး ဖွင့်လှစ်အသုံးပြုနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ ဖွင့်လှစ်သည့် ဗိုင်လင်းတံတားနှင့်ပတ်သက်ပြီး အနည်းငယ် တင်ပြလိုကြောင်း၊ ဤတံတားနေရာ၌ ၁၉၉၆ ခုနှစ်က နှစ်လွှာတစ်ထပ် ဘေလီတံတားအဖြစ် တည်ဆောက်အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ ဤနယ်မြေကို ဖွံ့ဖြိုးတိုးတက်လာအောင် တမူး–စေတီလမ်းကို ဖောက်လုပ်ပေးခဲ့ပြီး ယင်းလမ်းပေါ်၌ ဗိုင်လင်းတံတားကို အောက်ခံသစ်သားအုတ်မြစ်အပေါ် ဘေလီဖြင့် တည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း၊ ၁၉၉၉ ခုနှစ်တွင် မိုးများပြီး နန့်ယားချောင်း ရေကြီးခဲ့၍ ဘေလီတံတားသည် ရေထဲမျောပါသွားခဲ့၍ ဤတံတားနေရာအနီး၌ပင် ယနေ့ ဖွင့်လှစ်ပေးသော တာဝါကြိုးဆိုင်း တစ်လွှာတစ်ထပ် ဘေလီတံတားအဖြစ် ၁၀–၁၀–၂၀၀၂ ခုနှစ်ကစပြီး အသစ် ပြန်လည်တည်ဆောက်ခဲ့၍ ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ကုန်ကျငွေမှာ ငွေကျပ်သိန်း ၈၆၀ ဖြစ်ကြောင်း၊ ယင်းဒေသက စိုက်ပျိုးထွက်ရှိသည့် သီးနှံများ၊ သစ်တောထွက်ကုန်များကို တမူး–ကလေး–ကလေးဝက တစ်ဆင့် ပြည်တွင်းကို အလွယ်တကူ သယ်ပို့နိုင်တော့မည်ဖြစ်သကဲ့သို့ တစ်ဖက်နိုင်ငံကိုလည်း ပုံမှန် ကုန်သွယ်မှုလမ်းကြောင်းဖြင့် ရောင်းချနိုင်တော့မည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦး ဖြစ်သော ဦးခင်မောင်တာက တံတားကြီး တည်ဆောက် ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။ ယင်းနောက် မင်္ဂလာအချိန်တွင် တိုင်းမှူး၊ ဝန်ကြီးနှင့် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်တို့က ဖဲကြိုးဖြတ်၍ ဗိုင်လင်းတံတားကို ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဧည့်ပရိသတ်နှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဖြတ်သန်းကြည့်ရှု

ထို့နောက် ဗိုင်လင်းတံတား (စစ်ကိုင်းတိုင်း) တံတားမော်ကွန်းကျောက်စာတိုင်ကို တိုင်းမှူး ဗိုလ်ချုပ်သာအေးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က တံတား မော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး တံတားပေါ်သို့ ဖြတ်သန်း ကြည့်ရှုကြသည်။

ဗိုင်လင်းတံတား၏ အမျိုးအစားမှာ တံတားအောက်ထည် အချင်း ခြောက်ပေနှင့် လေးပေရှိ သံကူကွန်ကရစ်ပိုင်တိုင် အုတ်မြစ်နှင့် သံကူကွန်ကရစ်တိုင်ဖြစ်ပြီး တံတားအပေါ်ထည်မှာ တာဝါကြိုးဆိုင်း တစ်လွှာတစ်ထပ် ဘေလီတံတားနှင့် တံတားအရှည်မှာ ပေ ၄၂၀ ရှိ၍ ယာဉ်သွားလမ်းအကျယ်သည် ၁၀ ပေ ၉ လက်မနှင့် ခွင့်ပြုယာဉ် အလေးချိန်သည် ယာဉ်တစ်စီးချင်း ၁၃ တန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်း တမူးမြို့နယ် နန့်ယားချောင်းကိုဖြတ်၍ တည်ဆောက်ထားသည့် ဗိုင်လင်းတံတားကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)

Tourist Maps of Myanmar(TMM-17) နှင့် Yangon Tourist Map(YTM-10) အခမဲ့စတင်ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၇

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် Design Printing Services Co., Ltd. (D.P.S)သည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် Tourist GuideMap အမျိုးမျိုးတို့ကို ၁၉၉၅ ခုနှစ်မှစတင်ပြီး ထုတ်ဝေလျက်ရှိရာ ယခုထိ စောင်ရေ ၁၂၀၀၀၀ စီစဉ်ပုံနှိပ်ဖြန့်ချိပြီးဖြစ်သည်။ ယခုပွင့်လင်းရာသီတွင် ပြည်တွင်း ခရီးသွားများပါ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် Tourist Maps of Myanmar(TMM-17)နှင့် Yangon Tourist Map (YTM-10) **(ယာပုံ)** တို့ကို စောင်ရေ ခြောက်သောင်း အခမဲ့ဖြန့်ချိနေပြီဖြစ်သည်။



စီစဉ်ဖော်ပြထား

Tourist Maps of Myanmar (TMM-17) တွင် မြန်မာပြည်အသေးစိတ်မြေပုံ၊ ရန်ကုန်တစ်မြို့လုံးမြေပုံ၊ မန္တလေးမြေပုံ၊ ပြင်ဦးလွင်မြေပုံ၊ ပုဂံမြေပုံ၊ မြောက်ဦးမြေပုံ၊ တောင်ကြီး အသေးစိတ်မြေပုံ၊ အင်းလေးမြေပုံ၊ ကျိုက်ထီးရိုးမြေပုံ၊ မြိတ်မြေပုံ၊ ငပလီမြေပုံ၊ ငွေဆောင်မြေပုံ၊ ချောင်းသာမြေပုံတို့ကို မွမ်းမံထည့်သွင်းထားသည်။ Yangon Tourist Map (10-2006)တွင် ရန်ကုန်တစ်မြို့လုံး အသေးစိတ်မြေပုံနှင့် စီးပွားရေးလုပ်ငန်း အများအပြားတည်ရှိရာနေရာများကို အသေးစိတ်ဖော်ပြထားသော မြေပုံတို့ပါရှိသည်။ ရန်ကုန်ရှိ နိုင်ငံတကာလေကြောင်းလိုင်းများ၊ နိုင်ငံတကာသံရုံးများ၊ Hotel၊ Inn၊ Restaurant၊ Travel & Tour၊ Golf Courses၊ Medical Centers၊ Courier Services၊ Language Schools၊ Beauty Spa၊ Taxi & Transport Services စသည်တို့ကို တည်နေရာနှင့် ဖုန်းနံပါတ်များကို တိကျရှင်းလင်းစွာ ဖော်ပြထားသည်။ ထို့ပြင် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အသုံးပြုနိုင်ရန် ဈေးများ၊ နိုင်ငံတကာအဆင့်မီ အရောင်းခန်းမကြီးများ၊ ပြတိုက်များ၊ ဘုရားပုထိုးစေတီများ၊ ကျောက်မျက်ရတနာနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များကိုလည်း တိကျသော လမ်းညွှန်များနှင့် အလွယ်တကူ ရှာဖွေသွားရောက်နိုင်အောင် စီစဉ်ဖော်ပြထားသည်။

အဆိုပါလမ်းညွှန်မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ် လွှဲစာပြသ၍ မြန်မာ့ခရီးသွားလုပ်ငန်း(ဆူးလေ)တွင် လည်းကောင်း၊ Design Printing Services Co., Ltd.(D.P.S) အမှတ် ၁၆၅/၁၆၇ ပထမထပ် ၃၅ လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ Tel: (95-1) 204020,204092 Tel/Fax: (95-1)245230တို့တွင်လည်းကောင်း ရုံးချိန်အတွင်း အခမဲ့ လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂရိနိုင်ငံ သံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

နေပြည်တော် စက်တင်ဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဂရိနိုင်ငံ သံအမတ်ကြီးအသစ်အဖြစ် မစ္စတာအိုင်အိုနစ်၊ ပါပါဒိုပိုးလော့စ်အား ခန့်အပ်ရန် ဂရိအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာအိုင်အိုနစ်၊ ပါပါဒိုပိုးလော့စ်သည် ဂရိနိုင်ငံ အေသင်မြို့၌ ၁၉၄၅ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် မွေးဖွားခဲ့ပြီး ပန်တီရီစ်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘွဲ့နှင့် အေသင်တက္ကသိုလ် ဥပဒေဌာနမှ နိုင်ငံတကာ ဥပဒေဘွဲ့တို့ကို ရရှိခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ၎င်းသည် ဂရိနိုင်ငံခြားရေးဝန်ကြီးဌာနသို့ သံအရာရှိအဖြစ် စတင်ဝင်ရောက်အမှုထမ်းဆောင်ခဲ့ပြီး ၁၉၇၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဌာနခွဲများနှင့် ရောမမြို့၊ ဝါဆောမြို့၊ ဝယ်လင်တန်မြို့နှင့် မွန်ထရီရယ်မြို့တို့ရှိ ဂရိသံရုံးများ၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၃ ခုနှစ်မှစ၍ ၎င်းသည် ဂရိနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ အုပ်ချုပ်ရေးနှင့် တရားဥပဒေရေးရာ ဦးစီးဌာန၌ တွဲဖက်ဌာနကြီးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာအိုင်အိုနစ်၊ ပါပါဒိုပိုးလော့စ်သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီးသုံးယောက်ရှိသည်။ **(သတင်းစဉ်)**

ရွှေဘုန်းပွင့်စေတီတော် ပဝါရဏာပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၇

ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူး၍ (၂၉)ကြိမ်မြောက် ပဝါရဏာပွဲကို ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့် စေတီတော်ဝင်းအတွင်းရှိ ဓမ္မာရုံသစ်ကြီး၌ ၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၆ ရက်) သောကြာနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ပဝါရဏာပွဲအတွက် လှူဒါန်းလိုသူများသည် ဂေါပက အဖွဲ့ရုံး ဖုန်း–၂၉၀၄၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄)
စစ်ရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးကော်မတီ၏
ထုတ်ပြန်ကြေညာချက်

၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်

ကျွန်တော်တို့အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဒီမိုကရေစီထွန်းကားမှုရှိသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို လိုလားတောင့်တပါသည်။

နိုင်ငံတော်တွင် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေပါသည်။ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေး၊ ကမ္ဘာ့အလယ်တွင် ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုး ဂုဏ်သိက္ခာ ညှိုးငယ်မှု မဖြစ်စေရေးကို လွတ်လပ်သောနိုင်ငံနှင့် လူမျိုးတိုင်းက အလေးပေးစောင့်ရှောက်ရမည် ဖြစ်ပါသည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန် အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံအခြေအနေအား "ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်နိုင်သည်ဟူသော စွပ်စွဲမှုဖြင့်"လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန် ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

အမေရိကန်နိုင်ငံ၏ တင်ပြချက်သည် ကျွန်တော်တို့နိုင်ငံ၏ ပကတိအခြေအနေနှင့် လွန်စွာကင်းကွာနေကြောင်း တွေ့ရှိရပါသည်။ လက်ရှိ ပကတိအခြေအနေမှာ ကျွန်တော်တို့ အထူးဒေသ(၄)အပါအဝင် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းလျက်ရှိပြီး ယခင်က တစ်ခါမျှမရရှိဖူးသော ဖွံ့ဖြိုးတိုးတက်မှုများကို လက်တွေ့ခံစားနေရကာ ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေးအတွက် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြပါသည်။

ဤဆုံးဖြတ်ချက်ကြောင့် ကျွန်တော်တို့၏ ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်မှုအပေါ် အသိအမှတ်ပြုရာ မရောက်စေသည့်အပြင် နိုင်ငံတော်၏ ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာခြင်း၊ ကျွန်တော်တို့ လိုလားတောင့်တသည့် နိုင်ငံတော်သစ် ပေါ်ထွန်းရေးအတွက် နှောင့်နှေးကြန့်ကြာစေခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ အမေရိကန်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကို အသုံးချပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်မှုအား လက်မခံကြောင်း၊ ရှုတ်ချကန့်ကွက်ကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်သူများနှင့်အတူ တစ်သဘော၊ တစ်ဆန္ဒတည်းရပ်တည်ကြောင်း ကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
ဦးစိုင်းလင်း

အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၇

သစ်တောရေးရာဝန်ကြီးဌာနမှ အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ် အခမ်းအနားကို ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ယင်းအခမ်းအနားဖွင့်ပွဲနှင့်အတူ ပထမအကြိမ် ပန်းပွဲတော်နှင့် National Landmarks Garden ဖွင့်ပွဲများကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်မဂ္ဂဇင်းအထူးထုတ်ဝေမည်ဖြစ်ပြီး မဂ္ဂဇင်းအတွက် ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ဝတ္ထုတို၊ ဝတ္ထုရှည် စာမူများ၊ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ပတ်သက်သော သမိုင်းဝင်အထောက်အထားများကို ညွှန်ကြားရေးမှူး သဘာဝဝန်းကျင်နှင့် သားငါးငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန သစ်တောဦးစီးဌာန ဖုန်း –၀၆၇–၄၀၅၃၉၇၊၀၁–၆၈၀၇၆၁နှင့် ညွှန်ကြားရေးမှူး စီမံခန့်ခွဲရေးဌာန သစ်တောဦးစီးဌာန ဖုန်း–၀၆၇–၄၀၅၄၀၁၊ ၀၁–၆၈၁၉၂၉တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်းနှင့် စာမူရှင်များအား ဂုဏ်ပြုဆုချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကြော်ငြာများပေးပို့ထည့်သွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၈–၉–၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ ကြည်ညိုဦးခိုက် ဖူးလိုက်စို့ တူပျော် မကွေးမြသလွန်စေတီတော်
၇း၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၁၅ ၇။ အတီးပြိုင်ပွဲ
၈း၂၀ ၈။ အကပဒေသာ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Let's Go
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ(တတိယဆု) (အထက–၁၊ကျောက်တန်း) [အမျိုးသမီးဝတ်ရွတ်အဖွဲ့]
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြု အားလုံး) [ဓာတုဗေဒ]
၁၇း၀၀ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇း၁၅ ၆။ **"သူငယ်ချင်းမရှိတဲ့ဥပဒေ"** မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဇေကရီကျော်ကျော် (ဒါရိုက်တာ–မောင်ယဉ်ကျော်)
၁၇း၂၅ ၇။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၇း၄၀ ၈။ ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား/အမျိုးသမီး)
၁၈း၀၀ ၉။ ညနေခင်းသတင်း
၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၁။ သီရိဂေဟာ
၁၉း၀၀ ၁၂။ စိမ်းလန်းစိုပြည် အပူပိုင်းဒေသနယ်မြေ
၁၉း၁၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်နတ်သမီး"** (အပိုင်း–၄)
၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရေသူမလေး ပထမချစ်ပုံပြင်"** (အပိုင်း–၃)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

တိုက် ၃ အခန်း ၄၁ ရတနာလမ်း မလိခအိမ်ရာ ဘဝမြင့်ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်မမ (အမေမ)နှင့် မောင် ဦးဘထွေးတို့က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့် လက်ခံယူစဉ်။ (က–ပ)

ရှာရန် ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈–၉–၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ ဝိနည်းတော်နှင့်ညီသည့်သက်န်းဟူသည်
၇း၂၀ တေးဂီတအစီအစဉ်
၇း၂၅ ယနေ့သိပ္ပံနှင့်နည်းပညာ
၇း၃၅ ပြည်တွင်းသတင်းအကျဉ်း
၇း၄၅ ဦးခိုက်ဖူးမြော် ရွှေမော်ဓောစေတီတော်
၈း၀၀ နိုင်ငံတကာသတင်းအကျဉ်း
၈း၀၅ ဆေးဖက်ဝင် စားသောက်စေလိုသဘာဝလင်ဇီးမှို
၈း၁၀ မိုးလေဝသခန့်မှန်းချက်
၈း၁၅ သဘာဝကပေးတဲ့အကျိုးအာနိသင်
၈း၃၀ တေးဂီတအစီအစဉ်
၈း၃၅ အသည်းခြောက်ရောဂါနှင့် ပင့်ကူမျှင်သွေးကြော (အပိုင်း–၁) ဒေါက်တာခင်မောင်ဝင်း
၈း၅၅ ပြည်တွင်းသတင်းအကျဉ်း
၉း၀၅ ဆန်းသစ်လှပ ရော်ဘာရွက်ပန်းအလှ
၉း၂၀ တေးဂီတအစီအစဉ်
၉း၂၅ ပလူတိုဂြိုဟ်နှင့် နက္ခဗေဒအမြင် (ဦးအမ်းယုမောင်၊မျိုးမြတ်သူ)
၁၀း၂၅ တေးဂီတအစီအစဉ်
၁၀း၃၀ ဝိသာခါသီလရှင်သင် အမျိုးသမီးပညာရေးကျောင်းသို့တစ်ခေါက်
၁၀း၄၀ တေးဂီတအစီအစဉ်
၁၀း၄၅ ကွန်ရက်ပမာယုက်သွယ်ဖြာ
၁၀း၅၅ တေးဂီတအစီအစဉ်
၁၁း၀၀ ငွေကြယ်ပွင့်တို့ရဲ့ဖြစ်တည်မှု (ဖြိုးကြီးနှင့် သူ၏အနုပညာခရီးလမ်း)
၁၁း၃၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀ ကြံသီးနှံအထွက်တိုးရေး အခြေခံနည်းပညာ
၁၁း၄၅ တေးဂီတအစီအစဉ်
၁၁း၅၀ အညာမြေမှ မြန်မာ့ပုန်းရည်
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)မဟာဘုံကထိန်ပွဲ အောက်တိုဘာ ၂၉ ရက်၌ ပြောင်းလဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၇

ပျဉ်းမနားမြို့နယ်အသင်း (ရန်ကုန်)၏ မဟာဘုံကထိန်ပွဲနှင့်၂၀၀၄– ၂၀၀၅၊ ၂၀၀၅–၂၀၀၆ ပညာသင်နှစ်ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၆ ရက်အစား အောက်တိုဘာ ၂၉ရက် နံနက်၉နာရီတွင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မြန်မာ–ဘင်္ဂလားဒေ့ရှ်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပမည်ဖြစ်သည်။ ပညာရည်ချွန်ဆုရ ကျောင်းသားကျောင်းသူများစာရင်းနှင့် အလှူငွေများကို ဥက္ကဋ္ဌ ဦးအေးလွင် ဖုန်း–၅၄၉၆၉၁၊ ဒုတိယဥက္ကဋ္ဌ ဦးစောထွန်းခိုင် ဖုန်း–၅၃၅၁၉၃၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ကိုကို ဖုန်း–၅၄၉၈၃၆တို့သို့ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

စက်တင်ဘာ ၁၂ရက်က လှိုင်သာယာမြို့နယ် လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော စက်မှုဇုန် (၅)ရှိ A&T မုန့်လုပ်ငန်းစက်ရုံရှိ အာမခံဝန်ထမ်းများအား လှိုင်သာယာမြို့နယ် လူမှုဖူလုံရေးအဖွဲ့မှ မန်နေဂျာ ဦးသောင်းမြင့်နှင့် တာဝန်ခံဆရာဝန် ဒေါက်တာဒေါ်နွဲ့နွဲ့ဦးတို့က လူမှုဖူလုံရေးစီမံကိန်း အခမဲ့ ဆေးဝါးကုသပေးခြင်း၊ ကျန်းမာရေး ပညာပေးခြင်းနှင့် စပ်လျဉ်း၍ ဟောပြောဆွေးနွေးစဉ်။ (၁၈၀)

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန်အတွက်

ကုလသမဂ္ဂကို အသုံးချနေသော အမေရိကန်နိုင်ငံ၏ ရှုပ်ကွက်မြှုပ်ကွက်များ

ယခု စက်တင်ဘာလ ၁၉ရက်နေ့ထုတ် မြန်မာသတင်းစာများတွင် "မြန်မာနိုင်ငံ အရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏ သဘောထား" ဖော်ပြချက်ကို ဖတ်ရှုလိုက်ရပါသည်။

အဆိုပါ သဘောထား ဖော်ပြချက်တွင် အမေရိကန်နိုင်ငံက မြန်မာနိုင်ငံ၏ ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက်မှု ပြုလုပ်နိုင်ရေးအတွက် လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံအချို့အတွင်း နည်းမျိုးစုံဖြင့် ဖိအားပေးစည်းရုံးမှုများ ပြုလုပ်ခဲ့ပုံကို အောက်ပါအတိုင်း ဖော်ပြထားကြောင်း တွေ့ရှိရပါသည်-

"အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နိုင်ရေးကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှ ယခုအချိန်တွင် ကုလသမဂ္ဂကို အသုံးချပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေးရန် ကြိုးစားလာသည်ကို တွေ့ရပါသည်။ လုံခြုံရေးကောင်စီတွင် မဲဆန္ဒပေးရာ၌ အမေရိကန်နိုင်ငံသည် အလှည့်ကျအဖွဲ့ဝင်နိုင်ငံများကို နိုင်ငံရေးအရ ဖိအားပေးခြင်း၊ စီးပွားရေးအရ အကျပ်ကိုင်ခြင်း၊ နိုင်ငံတကာ အကူအညီများဖြင့် ဆွဲဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ၎င်းတို့လိုအပ်သော ထောက်ခံမဲများရအောင် ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံနှင့် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုရှိခဲ့သော ဂျပန်နိုင်ငံသည်ပင်လျှင် မြန်မာနိုင်ငံအရေးကို လုံခြုံရေးကောင်စီတွင် ဆွေးနွေးရန် အမေရိကန်နိုင်ငံ၏ ဆောင်ရွက်မှုများကို လက်မခံကြောင်း ထုတ်ပြန်ကြေညာခဲ့ရာမှ ယခုအခါတွင် အမေရိကန်၏ နိုင်ငံရေးဖိအားပေးမှုအောက်တွင် သဘောထား ပြောင်းလဲသွားခဲ့သည်ကို ဝမ်းနည်းဖွယ် တွေ့ခဲ့ရပါသည်။ ဤသည်မှာ ဒုတိယ ကမ္ဘာစစ်အတွင်း၌ မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်ပြီး ဖက်ဆစ်ဝါဒဆိုးဖြင့် အမျိုးမျိုး ညှဉ်းပန်းနှိပ်စက် ရက်စက်ခဲ့သည်ကို မြန်မာပြည်သူများက အာဃာတမထား၊ အမုန်းမပွားဘဲ စိတ်သဘောထား ဖြူစင်စွာဖြင့် ခွင့်လွှတ်မေ့ဖျောက်ခဲ့မှုအပေါ် မထောက်ထား၊ မငဲ့ကွက်သည့် လုပ်ရပ်ပင် ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် အာရှတိုက်သားအချင်းချင်း ရိုင်းပင်းကူညီရမည့်အစား မျက်နှာကြီးရာ ဟင်းဖတ်ပါသည့် လုပ်ရပ်ဖြစ်နေကြောင်း တွေ့ရှိရပါသည်။ အလားတူပင် မြန်မာနိုင်ငံ အရေးကိစ္စသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေခြင်းမရှိဘဲ ပြည်တွင်းရေးပြဿနာ သက်သက်သာ ဖြစ်သည်ဟု ယုံကြည်နေသော အလှည့်ကျ အဖွဲ့ဝင်နိုင်ငံအချို့သည်လည်း ဖိအားအမျိုးမျိုး အောက်တွင် သဘောထားပြောင်းလဲသွားခဲ့သည်ကို တွေ့ရပါသည်။ မိမိတို့အနေဖြင့် ထိုနိုင်ငံများ၏ အခြေအနေကို စာနာနားလည် သဘောပေါက်သော်လည်း ယခုကဲ့သို့ လုံခြုံရေးကောင်စီ၏ အခွင့်အာဏာကို နိုင်ငံကြီးတစ်ခု၏ အကျိုးစီးပွားအတွက် အသုံးပြုကာ နိုင်ငံငယ်တစ်ခု၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ရန် ကြိုးစားမှုမျိုးသည် ထိုနိုင်ငံများ အပါအဝင် ကျန်နိုင်ငံများပေါ်တွင်လည်း အချိန်မရွေး ကျရောက်လာနိုင်ကြောင်း သတိပေးလိုပါသည်။"

"အမေရိကန်နိုင်ငံက လုံခြုံရေးကောင်စီ အလှည့်ကျအဖွဲ့ဝင်နိုင်ငံများထံမှ ထောက်ခံမှုများ ရရှိစေရန်အတွက် နိုင်ငံတကာ အကူအညီများဖြင့် စည်းရုံးသိမ်းသွင်းခဲ့သည်မှာ မသင့်မလျော်သည့် လုပ်ရပ်ဖြစ်သည်ကို တွေ့ရပါသည်။ ထိုသို့ မသင့်မလျော် ဆောင်ရွက်မှုများနှင့် ပတ်သက်၍လည်း အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်၌ ပြုလုပ်သည့် လေ့လာချက် စာတမ်းတစ်ခုတွင်လည်း ဆွေးနွေးဝေဖန် ထောက်ပြထားသည်ကို တွေ့ရှိနိုင်ပါသည်။"

ဖော်ပြပါ အကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ ဂဃနဏ လေ့လာ သိရှိရန်အတွက် အင်တာနက်တွင် ဟားဗတ်တက္ကသိုလ်၏ လေ့လာချက် ဖော်ပြထားမှုများကို ရှာဖွေကြည့်ရှုခဲ့ပါသည်။ ၂၀၀၆ ခုနှစ် ဩဂုတ်လ ၂၅ရက်စွဲဖြင့် Deutsche Presse Agentur မှ JT Nguyen ရေးသားထားသည့် Vote Buying in UN Security Council (by Any Other Form Study) ဆောင်းပါးတွင် အသေးစိတ်တွေ့ရှိ ဖတ်ရှုခဲ့ရပါသည်။

"ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မဲဝယ်မှုများရှိနေသည်" ဟူသည့် ၎င်းဆောင်းပါးတွင် ဖော်ပြထားသည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

"ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အဖွဲ့ဝင်ဖြစ်လာခြင်းအားဖြင့် အမေရိကန်ကဲ့သို့ ချမ်းသာသော နိုင်ငံများထံမှ စီးပွားရေးအကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း၊ ထိုချမ်းသာသော နိုင်ငံများက လုံခြုံရေးကောင်စီ အဖွဲ့ဝင်ဖြစ်လာသော ဖွံ့ဖြိုးဆဲနိုင်ငံများထံမှ မဲဝယ်ရန် ချဉ်းကပ်ဆက်ဆံလာကြကြောင်း ဟားဗတ်တက္ကသိုလ်မှ လေ့လာချက်တစ်ရပ်ကဆိုထားပါသည်။ ဟားဗတ် စီးပွားရေးပညာရှင်နှစ်ဦး၏ အဆိုအရ လုံခြုံရေးကောင်စီ အဖွဲ့ဝင် ၁၅နိုင်ငံတွင် အဖွဲ့ဝင်အဖြစ်ပါဝင်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် အဓိကအားဖြင့် အမေရိကန် နိုင်ငံထံမှ ငွေကြေးအထောက်အပံ့အကူအညီကို ကမ္ဘာပေါ်၌ ပဋိပက္ခများ၊ နိုင်ငံရေးအကျပ်အတည်းများ ဖြစ်ပေါ်နေချိန်တွင် ပိုမိုရရှိနိုင်ကြကြောင်း၊ ထိုအချိန်အခါမျိုးတွင် အမေရိကန်အနေဖြင့် ယင်းတို့၏မဲများကို ပိုမိုလိုအပ်သောကြောင့် ဖြစ်ကြောင်း သိရသည်။

"လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံတွင် ပါဝင်သည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံသည် ပျမ်းမျှအားဖြင့် အမေရိကန်ထံမှ ထောက်ပံ့ငွေ ၅၉ရာခိုင်နှုန်း ပိုမိုရရှိမည်ဖြစ်ပြီး ကုလသမဂ္ဂထံမှ ၈ရာခိုင်နှုန်း ပိုမိုရရှိမည်ဖြစ်ကြောင်း ထိုလေ့လာချက်က ဆိုထားသည်။ ငွေပမာဏအားဖြင့် တွက်ပြရလျှင် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံသည် လုံခြုံရေးကောင်စီဝင်ဖြစ်လာလျှင် ၎င်း၏သက်တမ်းအတွင်း ကုလသမဂ္ဂထံမှ ဒေါ်လာတစ်သန်းနှင့်အတူ အမေရိကန်ထံမှ ထောက်ပံ့ငွေ ဒေါ်လာ ၁၆သန်းကို မျှော်လင့်နိုင်သည်။ ပဋိပက္ခ အကျပ်အတည်းများ ဖြစ်နေချိန်နှင့် တိုက်ဆိုင်လျှင်မူ ကုလသမဂ္ဂထံမှ ဒေါ်လာ ရှစ်သန်းနှင့်အတူ အမေရိကန်ထံမှ ထောက်ပံ့ငွေ ဒေါ်လာ ၄၅ သန်းအထိ မျှော်လင့်နိုင်သည်ဟု ဆိုသည်။

"နိုင်ငံတစ်နိုင်ငံ၏ မဟာဗျူဟာမြောက် အကျိုးစီးပွားအပေါ် ပြည်ပ အထောက်အပံ့ရရှိမှုက သိသာစွာ အကျိုးသက်ရောက်မှုရှိသည်။ သို့ရာတွင် အထောက်အပံ့ပေးမည့် အစိုးရများသည် အထောက်အပံ့ပေးရေး ဆုံးဖြတ်ရာတွင် လူသားချင်း စာနာထောက်ထားမှုကိစ္စများကို ဦးစားပေး ထည့်သွင်းစဉ်းစားခဲ့ခြင်းမရှိသဖြင့် ဆင်းရဲမှုလျှော့ချရေး ဦးတည်ဆောင်ရွက်ချက်များနှင့် သွေဖည်လွဲချော်လျက် ရှိနေသည်။

"ကုလသမဂ္ဂ လုံခြုံရေးကောင်စီဝင်နိုင်ငံ ဖြစ်လာရတာ မည်မျှတန်သနည်း၊ ပြည်ပအထောက်အပံ့ပေးမှုများနှင့် ကုလသမဂ္ဂမှ လာဘ်ပေးလာဘ်ယူမှုများ"ဟု ခေါင်းစဉ်တပ်ထားသော အဆိုပါ လေ့လာချက်ကိုလာမည့် အောက်တိုဘာလထုတ် နိုင်ငံရေးဘောဂဗေဒ ဂျာနယ်၌ ဖော်ပြသွားမည်ဖြစ်သည်။ ထိုလေ့လာချက် အကြိုစာမူကို ဂျာမန်သတင်းဌာနသို့ ပေးပို့ခဲ့ခြင်းဖြစ်သည်။ ထိုလေ့လာချက်ကို ရေးသားသော ဟားဗတ် တက္ကသိုလ်နှင့် ဟားဗတ်စီးပွားရေးကျောင်းမှ Ilvana Kuziemko နှင့် Eric Werker တို့က ကိန်းဂဏန်းများ၊ အစိုးရများ၏ ပြည်ပအထောက်အပံ့ဆိုင်ရာ ထုတ်ပြန်ချက်များကို ကိုးကားကာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မဲဝယ်မှုများ၊ လာဘ်ပေးလာဘ်ယူမှုများရှိနေပုံ၊ ထို့ကြောင့် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များ၏နောက်ကွယ်တွင် ကြိုးကိုင်မှုများ ရှိနေပုံတို့ကို ဖော်ထုတ်သွားမည်ဖြစ်သည်။ လုံခြုံရေးကောင်စီ၏ မဲပေးမှုစနစ်နှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများ ပြည်ပထောက်ပံ့ငွေရရှိမှု ပမာဏတို့က လာဘ်ပေးလာဘ်ယူမှုများ ရှိနေသည်ဟူသော အဆိုကို မီးမောင်းထိုး ဖော်ပြလျက်ရှိသည်ဟု ၎င်းတို့နှစ်ဦးက ဆိုသည်။

ထိုလေ့လာချက်စာတမ်းတွင် မည် ...
ပြောမထားပေ။ ယခင်က ထုတ် ...
စာတမ်းမျိုးကလည်း ပြည်ပမှ ကူ ...
ရည်မှန်းချက်များ ပါဝင်နေကြေ ...

"ကုလသမဂ္ဂလုံခြုံရေးကောင် ...
ပါဝင်ပြီး ၎င်းတို့မှာ ရုရှား၊ အမေ ...
တို့ဖြစ်ကြသည်။ ၎င်းအဖွဲ့ဝင်နိုင် ...
ချက်များကို ဗီတိုအာဏာသုံး၍ ပ ...

အမေရိကန်နိုင်ငံ ...
ရရှိစေရန်အတွက် နိုင် ...
သည့်လုပ်ရပ်ဖြစ်သည် ...
ဖွံ့ဖြိုးဆဲနိုင်ငံတ ...
အားဖြင့် အမေရိကန်က ...
နိုင်ငံတစ်နိုင်ငံ၏ ...
ရရှိမှုက သိသာစွာ ...
အစိုးရများသည် အ ...
ထားမှုကိစ္စများကို ဦး ...
ဦးတည်ဆောင်ရွက်ချ ...

လုံခြုံရေးကောင်စီဝင် နိုင်ငံများအ ...
နှစ်နှစ်တစ်ကြိမ် ရွေးချယ်ကြရာ ...
လုံခြုံရေးကောင်စီဝင် နိုင်ငံများ၊ ...
ကောင်စီဝင်နိုင်ငံများဟု ခေါ်ကြ ...
လုံခြုံရေးကောင်စီဝင် နိုင်ငံများသ ...
နိုင်ငံများ ဖြစ်ကြသည်။ သို့ရာ ...
ငွေကြေးထောက်ပံ့ပေးနေသော ဂျ ...
အီတလီတို့ကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံမ ...

"လုံခြုံရေးကောင်စီဝင်အဖြစ် ...
ပေးသော ပြည်ပငွေကြေး အထေ ...
အဖွဲ့ဝင်သက်တမ်း ကုန်ဆုံးသွား ...
အပံ့များ ချက်ချင်းသိသာစွာ လေ ...
ချက်က ဆိုသည်။ ယင်းသို့ ပြည ...
သာသာထိုးထိုး ရရှိလာခြင်းသည ...
နိုင်ငံတကာဆက်ဆံရေးနှင့် သံတမ ...
ရှိနေသည်ဟူသောအချက်ကို သိ ...
လုံခြုံရေးကောင်စီဝင် နိုင်ငံအချို ...
ရောင်းစားရန် အလွန်လိုလားနေကြ ...
ကောင်စီတွင် နိုင်ငံကြီးတစ်နိုင်ငံ ...
ပေးလျှင် ကုလသမဂ္ဂအဖွဲ့အစည် ...
အညီများကိုလည်း ရရှိနိုင်သေး ...
ထိုနိုင်ငံကြီးတစ်နိုင်ငံသည် UN ...
နေ၍ဖြစ်သည်။ အဆိုပါ လေ့လာ ...
တိုက်ရိုက်ဖြစ်စေ၊ ယူနီဆက် ရန်ပုံ ...
များကို အရွေးချယ်ခံရသောနိုင်ငံ ...
ယူနီဆက်သို့ငွေကြေးအများဆုံး ...
ဖြစ်ပြီး ယူနီဆက်၏ဥက္ကဋ္ဌမှာလ ...
ကြောင်း၊ ယူနီဆက်၏လက်ရှိ အမှ ...

နိုင်ငံကြီးတစ်ခု၏ အကျိုးစီးပွားအတွက် အသုံးပြုကာ နိုင်ငံငယ်တစ်ခု၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်

အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နိုင်ရေးကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှ ယခုအချိန်တွင် ကုလသမဂ္ဂကိုအသုံးချပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေးရန် ကြိုးစားလာသည်ကိုတွေ့ရ။

လုံခြုံရေးကောင်စီတွင် မဲဆန္ဒပေးရာ၌ အမေရိကန်နိုင်ငံသည် အလှည့်ကျအဖွဲ့ဝင်နိုင်ငံများကို နိုင်ငံရေးအရ ဖိအားပေးခြင်း၊ စီးပွားရေးအရ အကျပ်ကိုင်ခြင်း၊ နိုင်ငံတကာအကူအညီများဖြင့် ဆွဲဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ၎င်းတို့လိုအပ်သော ထောက်ခံမဲများရအောင် ဆောင်ရွက်ခဲ့။

ယခုကဲ့သို့ လုံခြုံရေးကောင်စီ၏အခွင့်အာဏာကို နိုင်ငံကြီးတစ်ခု၏ အကျိုးစီးပွားအတွက်အသုံးပြုကာ နိုင်ငံငယ်တစ်ခု၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ရန် ကြိုးစားမှုမျိုးသည် ထိုနိုင်ငံများအပါအဝင် ကျန်နိုင်ငံများပေါ်တွင်လည်း အချိန်မရွေး ကျရောက်လာနိုင်။

...ွက် ...ကွက်များ

စာဖတ်သူတစ်ဦး

ထိုလေ့လာချက်စာတမ်းတွင် မည်သည့် နိုင်ငံဟူ၍မှု နာမည်တပ်၍ ပြောမထားပေ။ ယခင်က ထုတ်ပြန်ခဲ့သော အဆိုပါလေ့လာချက် စာတမ်းမျိုးကလည်း ပြည်ပမှ ကူညီထောက်ပံ့မှုတိုင်းတွင် နိုင်ငံရေး ရည်မှန်းချက်များ ပါဝင်နေကြောင်း ပြဆိုခဲ့ကြသည်။

"ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံ ပါဝင်ပြီး ၎င်းတို့မှာ ရုရှား၊ အမေရိကန်၊ တရုတ်၊ ပြင်သစ်နှင့် ဗြိတိန် တို့ဖြစ်ကြသည်။ ၎င်းအဖွဲ့ဝင်နိုင်ငံများသည် ကုလသမဂ္ဂ ဆုံးဖြတ် ချက်များကို ဗီတိုအာဏာသုံး၍ ပယ်ဖျက်နိုင်ကြသည်။ ကုလသမဂ္ဂ နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဟောင်း Ann Venernan ဖြစ်ကြောင်း ဖော်ပြထားသည်။

"အဆိုပါ လေ့လာချက်စာတမ်း ရေးသားသူများက ကုလသမဂ္ဂ စနစ်ကြီးတစ်ခုလုံးတွင် အဂတိလိုက်စားမှုများ ရှိနေကြောင်း၊ ယခု ကဲ့သို့ ဖော်ပြနိုင်ရန်အတွက် ၁၉၄၅ ခုနှစ် ကုလသမဂ္ဂ ပေါ်ပေါက် လာချိန်မှစပြီး လုံခြုံရေးကောင်စီနှင့် နိုင်ငံတကာ သံခင်းတမန်ခင်း ကိစ္စများတွင် အဓိကအရေးပါသော ဖြစ်ရပ်များကို အခြေခံကာ ၎င်းတို့ စုံစမ်းထောက်လှမ်းခဲ့ကြခြင်းဖြစ်ကြောင်း ဆိုထားသည်။

"လုံခြုံရေးကောင်စီ၏ ရွေးချယ်ခံအဖွဲ့ဝင် ၁၀ နိုင်ငံကို ကမ္ဘာ့ တိုက်ကြီး ငါးတိုက်သို့ လျာထားခွဲဝေသတ်မှတ်ထားပြီး မိမိတို့တိုက်မှ ယခုနှစ်တွင် မည်သည့်နိုင်ငံ ပါဝင်အရွေးခံသင့်သည်ဟု နှစ်စဉ် ဆုံးဖြတ်ကြရသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက နှစ်စဉ် အောက်တိုဘာလတွင် လုံခြုံရေးကောင်စီအဖွဲ့ဝင်သစ်ကို သုံးပုံနှစ်ပုံ သော ဆန္ဒမဲဖြင့် ရွေးချယ်သည်။ လုံခြုံရေးကောင်စီတွင် လက်ရှိ ရွေးချယ်ခံကောင်စီဝင်နိုင်ငံများမှာ အာဂျင်တီးနား၊ ဒိန်းမတ်၊ ဂရိ၊ ဂျပန်နှင့် တန်ဇန်းနီးယားတို့ဖြစ်ကြပြီး ၎င်းတို့အားလုံး လာမည့်

အမေရိကန်နိုင်ငံက လုံခြုံရေးကောင်စီ အလှည့်ကျအဖွဲ့ဝင်နိုင်ငံများထံမှ ထောက်ခံမှုများ ရရှိစေရန်အတွက် နိုင်ငံတကာ အကူအညီများဖြင့် စည်းရုံးသိမ်းသွင်းခဲ့သည်မှာ မသင့်မလျော်သည့်လုပ်ရပ်ဖြစ်သည်ကို တွေ့ရ။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အဖွဲ့ဝင်ဖြစ်လာခြင်းအားဖြင့် အမေရိကန်ကဲ့သို့ ချမ်းသာသောနိုင်ငံများထံမှ စီးပွားရေးအကျိုးကျေးဇူးများ ရရှိနိုင်။

နိုင်ငံတစ်နိုင်ငံ၏ မဟာဗျူဟာမြောက် အကျိုးစီးပွားအပေါ် ပြည်ပအထောက်အပံ့ ရရှိမှုက သိသာစွာ အကျိုးသက်ရောက်မှုရှိသည်။ သို့ရာတွင် အထောက်အပံ့ပေးမည့် အစိုးရများသည် အထောက်အပံ့ပေးရေး ဆုံးဖြတ်ရာတွင် လူသားချင်း စာနာထောက်ထားမှုကိစ္စများကို ဦးစားပေး ထည့်သွင်းစဉ်းစားခဲ့ခြင်း မရှိသဖြင့် ဆင်းရဲမှုလျှော့ချရေး ဦးတည်ဆောင်ရွက်ချက်များနှင့် သွေဖည်လွဲချော်လျက် ရှိနေ။

လုံခြုံရေးကောင်စီဝင် နိုင်ငံများအဖြစ် အခြား ၁၀ နိုင်ငံကိုလည်း နှစ်နှစ်တစ်ကြိမ် ရွေးချယ်ကြရာ ၎င်းတို့ကို အမြဲတမ်းမဟုတ်သော လုံခြုံရေးကောင်စီဝင် နိုင်ငံများ၊ သို့မဟုတ် ရွေးချယ်ခံ လုံခြုံရေး ကောင်စီဝင်နိုင်ငံများဟု ခေါ်ကြသည်။ ထိုအမြဲတမ်းမဟုတ်သော လုံခြုံရေးကောင်စီဝင် နိုင်ငံများသည် များသောအားဖြင့် ဖွံ့ဖြိုးဆဲ နိုင်ငံများ ဖြစ်ကြသည်။ သို့ရာတွင် ဆင်းရဲသောနိုင်ငံများအား ငွေကြေးထောက်ပံ့ပေးနေသော ဂျာမနီ၊ ဂျပန်၊ စပိန်၊ ကနေဒါနှင့် အီတလီတို့ကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံများလည်း ပါဝင်ကြသည်။

"လုံခြုံရေးကောင်စီဝင်အဖြစ် ရွေးချယ်ခံရလျှင် ထိုနိုင်ငံအား ပေးသော ပြည်ပငွေကြေး အထောက်အပံ့များ သိသာစွာပိုမိုလာပြီး အဖွဲ့ဝင်သက်တမ်း ကုန်ဆုံးသွားလျှင် ယင်းငွေကြေး အထောက် အပံ့များ ချက်ချင်းသိသာစွာ လျော့နည်းသွားကြောင်း ထိုလေ့လာ ချက်က ဆိုသည်။ ယင်းသို့ ပြည်ပမှ ငွေကြေးအထောက်အပံ့များ သာသာထိုးထိုး ရရှိလာခြင်းသည် ထိုအထောက်အပံ့ခံ နိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာတို့တွင် ဘက်လိုက်မှုများ ရှိနေသည်ဟူသောအချက်ကို သိသာထင်ရှားစေသည်။ ရွေးချယ်ခံ လုံခြုံရေးကောင်စီဝင် နိုင်ငံအချို့ကလည်း မိမိတို့၏ မဲများကို ရောင်းစားရန် အလွန်လိုလားနေကြသည်။ ထိုနိုင်ငံအနေဖြင့် လုံခြုံရေး ကောင်စီတွင် နိုင်ငံကြီးတစ်နိုင်ငံ၏ အကျိုးစီးပွားဘက်မှ ရပ်တည် ပေးလျှင် ကုလသမဂ္ဂအဖွဲ့အစည်း တစ်ရပ်ရပ်မှ ဖွံ့ဖြိုးရေးအကူ အညီများကိုလည်း ရရှိနိုင်သေးသည်။ အဘယ့်ကြောင့်ဆိုသော် ထိုနိုင်ငံကြီးတစ်နိုင်ငံသည် UN အေဂျင်စီများအပေါ် ဩဇာညောင်း နေ၍ဖြစ်သည်။ အဆိုပါ လေ့လာချက်တွင် အမေရိကန်နိုင်ငံသည် တိုက်ရိုက်ဖြစ်စေ၊ ယူနီဆက် ရန်ပုံငွေအဖြစ်ဖြစ်စေ ငွေကြေးထောက်ပံ့မှု များကို အရွေးချယ်ခံရသောနိုင်ငံများအား ပေးနိုင်လျက် ရှိကြောင်း၊ ယူနီဆက်သို့ငွေကြေးအများဆုံး ထောက်ပံ့နေသောနိုင်ငံမှာ အမေရိကန် ဖြစ်ပြီး ယူနီဆက်၏ဥက္ကဋ္ဌမှာလည်း အမေရိကန်နိုင်ငံသား ဖြစ်နေ ကြောင်း၊ ယူနီဆက်၏လက်ရှိ အမှုဆောင်ဒါရိုက်တာသည် အမေရိကန် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် သက်တမ်းကုန် ဆုံးကြမည်ဖြစ်သည်။ အခြားရွေးချယ်ခံ ကောင်စီဝင် ငါးနိုင်ငံဖြစ်သည့် ကွန်ဂို၊ ဂါနာ၊ ပီရူး၊ ကာတာနှင့် ဆလိုဗက်ကီးယားတို့သည် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလအထိ သက်တမ်းရှိဦးမည်ဖြစ်သည်။ အမေရိကန်၏မူဝါဒကိုဆန့်ကျင်လျက် ရှိသော ဗင်နီဇွဲလားနိုင်ငံသည် လာမည့် အောက်တိုဘာလတွင် ကျင်းပမည့် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ လုံခြုံရေးကောင်စီဝင် ဖြစ်လာရေးအတွက် ကြိုးပမ်းလျက်ရှိသည်။ အမေရိကန်နိုင်ငံက ဗင်နီဇွဲလားနိုင်ငံအဖွဲ့ဝင် ဖြစ်လာမည်ကို မလိုလားဘဲ ဂွာတီမာလာနိုင်ငံကို ဝင်ရောက်အရွေးခံရန် တိုက်တွန်းလျက်ရှိသည်။"

ဟားဗတ်တက္ကသိုလ်မှ လေ့လာချက်စာတမ်းကို သုံးသပ်ဖော်ပြ ထားသည့် အဆိုပါဆောင်းပါးကို ဖတ်ရှုလေ့လာခြင်းဖြင့် လုံခြုံရေး ကောင်စီအတွင်းမှ အမေရိကန်၏ အရှုပ်အထွေးများကို ထင်လင်းစွာ တွေ့ရှိနိုင်မည် ဖြစ်ပါသည်။ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံ၏ အရေးကိစ္စအား လုံခြုံရေးကောင်စီအစီအစဉ်တွင် ထည့်သွင်း ဆွေးနွေး ရန် နှစ်ရှည်လများ ကြိုးပမ်းအားထုတ်ခဲ့သည်။ ပြီးခဲ့သည့် စက်တင် ဘာလ ၁၅ ရက်က လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်း ဆွေးနွေးရန် မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ ၁၀ မဲ၊ ကန့်ကွက်မဲ လေးမဲ၊ ကြားနေမဲ တစ်မဲဖြင့် အတည်ပြုခဲ့သည်။ ကန့်ကွက်မဲပေးသည့် နိုင်ငံများမှာ အမြဲတမ်းအဖွဲ့ဝင် ရုရှားနှင့် တရုတ်၊ ရွေးချယ်ခံအဖွဲ့ဝင် ကာတာနှင့်ကွန်ဂိုတို့ဖြစ်ပြီး တန်ဇန်းနီးယားကကြားနေမဲပေးခဲ့သည်။

ဤမျှဆိုလျှင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအား ဝင်ရောက် စွက်ဖက်ရန်အတွက် ကုလသမဂ္ဂကို အသုံးချခဲ့သော အမေရိကန် နိုင်ငံ၏ ရှုပ်ကွက်မြှုပ်ကွက်များကို သိရှိလောက်ပြီ ဖြစ်ပါသည်။ ဆက်လက်၍ မြန်မာနိုင်ငံ၏အရေးကိစ္စသည် ပြည်တွင်းရေးသာဖြစ် ပြီး နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်မှုမရှိကြောင်း ပကတိအရှိတရားအတိုင်း ရိုးသားဖြူစင်စွာ ရှုမြင်လျက် ဘက်လိုက် ခြင်းကင်းစွာ သမာသမတ် ရှိရှိရပ်တည်ကြသော ကမ္ဘာ့နိုင်ငံများ၏ ရှုထောင့်အထွေထွေကိုလည်း လေ့လာတင်ပြသွားပါဦးမည်။ ။

စံချိန်စံညွှန်းနှင့် အသွင်အပြင်ကောင်းမွန်အောင်ဆောင်ရွက် အလေအလွင့်နည်းပြီး စီးပွားရေးတွက်ခြေကိုက်အောင် လုပ်ကိုင်

ခရီးသွားများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအလေးထား

ရန်ကုန် စက်တင်ဘာ ၂၇

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၅ရက် မွန်းလွဲပိုင်းက ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲ လမ်းမတော် (လမ်းသစ်)တံတား၌ ဆိုက်ကပ်ထားသည့် ဒလသင်္ဘောကျင်းမှ တည်ဆောက်ထားသော "တခ" အမျိုးအစားတွဲရေယာဉ်များပေါ်သို့ ရောက်ရှိရာ (အပေါ်ပုံ) **တာဝန် ရှိသူများက "တခ"အမျိုးအစား တွဲရေယာဉ်သစ်နှစ်စီး တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် ယခုပုံစံပြောင်းပြီး ကုန်များ တန်ချိန်ပိုမိုတင်ဆောင်နိုင်မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြသကြသည်။ ယင်းနောက် ဝန်ကြီးက တွဲရေယာဉ်သစ်ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။**

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ကိုင်းတန်းတံတား၌ ဆိုက်ကပ်ထားသော ရန်ကုန်မှလပွတ္တာမြို့သို့ထွက်ခွာမည့် "ဝေသန္တရာ" ကုန်တင်(အမြန်)ရေယာဉ်၏ ခရီးသည်လိုက်ပါမှု အခြေအနေနှင့် ကုန်တင်ဆောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့်ဝန်ကြီးသည်အလုံမြို့နယ်ကမ်းနားလမ်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် အလုံသင်္ဘောကျင်းသို့ ရောက်ရှိလာရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ဒုတိယ အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ)၊ ဒုတိယအင်ဂျင်နီယာ မှူးကြီး(အလုံသင်္ဘောကျင်း)၊ ဒလသင်္ဘောကျင်း အင်ဂျင်နီယာ မှူးကြီးတို့က လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို ဗီဒီယို ဆလိုက်ဖြင့် အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက စီမံကိန်းလုပ်ငန်းများ သတ်မှတ် ကာလတွင် အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်း ပြည့်မီအောင်၊ အသွင်အပြင်ကောင်းမွန်အောင် ဆောင်ရွက်ကြရေး၊ အလေ အလွင့်နည်းပါးရေး၊ စီးပွားရေးတွက်ခြေကိုက်အောင် လုပ်ကိုင် ကြရေး၊ ဝင်ငွေတိုးပြီး အသုံးစရိတ် ချွေတာသုံးစွဲကြရေး၊ စက်သုံးဆီ အလေအလွင့်မရှိအောင် သုံးစွဲကြရေး၊ ရေယာဉ် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ခရီးသည်များ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ခရီးသည်များ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေး အလေးထားဆောင်ရွက်ကြရန် အသေးစိတ် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် သင်္ဘောကျင်းဝင်း ဧရာခန်းမဆောင်၌ အင်ဂျင်နီယာဌာနမှ ဖွင့်လှစ်နေသော လုပ်ငန်းခွင်ကျွမ်းကျင်မှု ရက်တိုမွမ်းမံ သင်တန်းကိုလည်း ကောင်း၊ ရေယာဉ်သစ်များ တည်ဆောက်နေမှု၊ တန် ၅၀၀ ရေလုံကျင်း တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ခရီးသည်တင် (အမြန်)ရေယာဉ်သစ် တည်ဆောက်နေမှု အခြေအနေတို့ကို လည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူ များအား လိုအပ်သည်များ ဖြည့်စွက်မှာကြားကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယအသုတ် အနီးကပ်ပို့ချသင်တန်းနှင့် စာစစ်ဌာနများ

ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန် အဝေးသင်တက္ကသိုလ်၏ ၂၀၀၆ခုနှစ် ပညာသင်နှစ် ဒုတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို အောက်တိုဘာ ၁၆ရက်မှ ၂၅ရက် အထိလည်းကောင်း၊ အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၇ရက်အထိလည်းကောင်း၊ ဒဂုံတက္ကသိုလ်၊ အရှေ့ပိုင်းတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေ တက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ ဟသ်ာတ တက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မအူပင်တက္ကသိုလ်နှင့် ပဲခူးဒီဂရီကောလိပ် စာစစ်ဌာနများတွင် ကျင်းပမည်ဖြစ်သည်။

တက်ရောက်ကြရမည်

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒဂုံဌာနခွဲ(ဒဂုံတက္ကသိုလ်)တွင် မှတ်ပုံတင်ထားသော ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ဝိဇ္ဇာအထူးပြု(ပထဝီဝင်နှင့် သမိုင်းမှအပ) ဥပဒေပညာ၊ စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသားများသည် ဒဂုံတက္ကသိုလ်တွင် အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ကြရမည်။ ပထမနှစ် မြန်မာစာအထူးပြုကျောင်းသားများ သည် အထက(၁) မြောက်ဥက္ကလာပ၊ အထက(၂) မြောက်ဥက္ကလာပ၊ အထက (၃) မြောက်ဥက္ကလာပ၊ အထက(၄) မြောက်ဥက္ကာလာပ၊ အထက(၅)မြောက်ဥက္ကလာပတွင်လည်းကောင်း၊ ပထမနှစ်မြန်မာမှုပညာ၊ ရသစာပေအရေးအသား အရှေ့တိုင်း ပညာအထူးပြု ကျောင်းသားများသည် အထက(၅) မြောက်ဥက္ကလာပတွင်လည်းကောင်း၊ ပထမနှစ် ဥပဒေပညာအထူးပြု ကျောင်းသားများသည် အထက(၁) တောင်ဥက္ကလာပ၊ အထက(၂) တောင်ဥက္ကလာပတွင် လည်းကောင်း၊ ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသားများသည် အထက(၃) တောင်ဥက္ကလာပတွင် လည်းကောင်း၊ ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသားများသည် အထက(၃) ဒဂုံမြို့သစ် (မြောက်ပိုင်း)တွင် လည်းကောင်း၊ ပထမနှစ် ဒဿနိကဗေဒအထူးပြု ကျောင်းသားများသည် အထက(၁)ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အထက(၄)ဒဂုံမြို့သစ် (မြောက်ပိုင်း)တွင်လည်းကောင်း စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် အရှေ့ပိုင်းဌာနခွဲ(ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တွင် မှတ်ပုံတင်ထားသော ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ဝိဇ္ဇာအထူးပြု(ပထဝီဝင်နှင့် သမိုင်းမှအပ)ဥပဒေပညာ၊ စတုတ္ထနှစ် ဥပဒေပညာအထူးပြုများ အားလုံးသည် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တွင် အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး စာမေးပွဲဖြေဆိုကြရမည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် အနောက်ပိုင်းဌာနခွဲ(ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)တွင် မှတ်ပုံတင်ထားသော ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ဝိဇ္ဇာအထူးပြု(ပထဝီဝင်နှင့် သမိုင်းမှအပ) ဥပဒေပညာ၊ စတုတ္ထနှစ် ဥပဒေပညာ အထူးပြုများအားလုံးသည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး စာမေးပွဲ ဖြေဆိုကြရမည်ဖြစ်သည်။

စာမေးပွဲ

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ နယ်ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ဝိဇ္ဇာအထူးပြု(ပထဝီဝင်နှင့်သမိုင်းမှအပ) ဥပဒေပညာ၊ စတုတ္ထနှစ် ဥပဒေပညာအထူးပြု အားလုံးသည် မိမိတို့နှင့် သက်ဆိုင်သော တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး စာမေးပွဲ ဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ်အစီအစဉ်ကြေညာချက်ကို သက်ဆိုင်ရာအဝေးသင်တက္ကသိုလ် ဌာနခွဲများနှင့် အခြေခံပညာအထက် တန်းကျောင်းများတွင် ကြေညာထားမည်ဖြစ်သည်။ **(သတင်းစဉ်)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် အားလေးအားဖြင့် ဆောင်ရွက် ရည်မှန်းချက်တာဝန်များ စေတနာထား၍ အောင်မြင်အောင်ကြိုးစား နိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပြည်သူများသိရှိအောင် ကွင်းဆင်းဆွေးနွေး

ဆွေးနွေးမှာကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဖွင့်လှစ်ထားသော လုပ်ငန်းခွင် မွမ်းမံသင်တန်းတွင် တက်ရောက်နေသည့် သင်တန်းသား သင်တန်းသူများအား ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်တင်ဘာ၂၂ရက်က မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့သွားရောက်ပြီး ပြန်ကြားရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မြင်းခြံခရိုင်နှင့် ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့မှဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပုပ္ပားထပ်ဆင့်လွှင့်စက်ရုံမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးက ပြန်ကြားရေးဝန်ထမ်းများသည် မိမိဌာနအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရေး၊မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် ဆောင်ရွက်ရေးနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုကို အရည်အသွေးကောင်းမွန်စွာဖြင့် အချိန်ပြည့် ထုတ်လွှင့်နိုင်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ပေါက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ပြန်ကြားရေးဝန်ထမ်းများအား ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

တွေ့ဆုံမှာကြား

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်တင်ဘာ၂၃ ရက်တွင် ပေါက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက် ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြန်ကြားရေးဝန်ထမ်းများအားတွေ့ဆုံမှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲတွင် မကွေးတိုင်းနှင့် ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကိုဖြည့်စွက်မှာကြားပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် အားလေးအားဖြင့် ဆောင်ရွက်ရေး၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ပြည်သူများသိရှိအောင် ကျေးရွာများသို့ကွင်းဆင်း၍ ဟောပြောဆွေးနွေးခြင်း၊ နယ်လှည့်စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ကြရန် မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဝန်ကြီးသည် ပေါက်မြို့၌ တည်ဆောက်ပြီးစီးနေသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မင်းဘူးခရိုင် ဇုန်မှူး ဦးကျော်ရွှေက ပေါက်မြို့နယ်အတွင်း ရုပ်မြင်သံကြား ထုတ်လွှင့်ပြသနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်ချက်များကို ဆွေးနွေးမှာကြားကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်တင်ဘာ ၂၄ ရက်တွင် ထီးလင်းမြို့၌တည်ဆောက်ပြီးစီးနေသော မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို သွားရောက်ကြည့်ရှု စစ်ဆေးရာ မင်းဘူးခရိုင် ဇုန်မှူး ဦး ကျော်ရွှေက ထီးလင်းမြို့နယ် အနီးတစ်ဝိုက်တွင် ရုပ်မြင်သံကြား ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် ထပ်ဆင့်လွှင့်စက် တပ်ဆင်ရေး စီစဉ်ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်ချက်များကို မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်တင်ဘာ၂၅ ရက်တွင် မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဖွင့်လှစ်ထားသော မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် ပျဉ်းမနားခရိုင်တို့ ပူးပေါင်းဖွင့်လှစ်သည့် ဝန်ထမ်းများ လုပ်ငန်းခွင် အရည်အချင်း တိုးတက်မြင့်မားရေး မွမ်းမံသင်တန်းအမှတ်စဉ်(၃/၂၀၀၆)သို့ သွားရောက်၍ကြည့်ရှုစစ်ဆေးပြီး သင်တန်းသား သင်တန်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းများသည် ပြည်သူများနှင့် အများဆုံး ထိတွေ့ ဆက်ဆံရသူများဖြစ်၍ အရည်အသွေးပြည့်ဝ၍ လုပ်ငန်းကျွမ်းကျင်သော ဝန်ထမ်းများဖြစ်ရန် လိုအပ်ကြောင်း၊ ကျွမ်းကျင်မှု အရည်အသွေးကောင်းများဖြင့် ပေးအပ်ထားသော လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ရေး၊ ရိုးသားကြိုးစား စေတနာထားရှိရေး၊ ကျေးရွာစာကြည့်တိုက်များရေရှည်တည်တံ့ဖွံ့ဖြိုးအောင် ဆောင်ရွက်ရေးနှင့် ကျေးလက်ပြည်သူများ စာဖတ်ဝါသနာပါလာအောင် စည်းရုံးဆောင်ရွက်ရေး၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ဝန်ကြီးဌာနက ချမှတ်ထားသော ရည်မှန်းချက်တာဝန်များကို စေတနာထား၍ အပြည့်အဝအောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံတော်အကြီးအကဲ၏ကျေးဇူးကိုတုံ့ပြန်သွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားကာ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

(သတင်းစဉ်)

မှော်ဘီ စက်ရုံ၊ အလုပ်ရုံနှင့်ရပ်ကွက်ကျေးရွာများမှ အမျိုးသမီးများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်သည် လူမှောင်ခိုနှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ခင်မေစိုး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင် အငြိမ်းစားပါမောက္ခ ဒေါ်ဌေးဌေး၊ လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် သန္တေပင်ကျေးရွာ ကိုးလုံးကွင်းဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများမှ အမျိုးသမီးများ၊ ရပ်ကွက်ကျေးရွာများမှအမျိုးသမီးများကို အမျိုးသမီးရေးရာ စကားဝိုင်းဖြင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

တက်ရောက်

အဆိုပါ အမျိုးသမီးရေးရာစကားဝိုင်းသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင်မှော်ဘီမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ၊ ရပ်ကွက်ကျေးရွာများမှ အမျိုးသမီးငယ်လေးများ အင်အား ၃၀၀ တက်ရောက်ကြသည်။

အလေအလွင့်

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၏ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်က အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးတပ်ဖွဲ့မှ ရဲအုပ်ဒေါ်အမ်ခေါင်ဒင်က လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများနှင့် ဥပဒေရေးရာများကိုလည်းကောင်း၊ အငြိမ်းစား ပါမောက္ခ ဒေါ်ဌေးဌေးက အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးဆိုင်ရာသိကောင်းစရာများကိုလည်းကောင်း၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့မှ ဒေါက်တာဒေါ်အေးမြတ်လွင်က HIV/AIDS ဆိုင်ရာ ကာကွယ်တားဆီးနိုင်သောလူတို့၏အလေ့အကျင့်အကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောကာ တက်ရောက်လာသူများက သိလိုသည်များကို ရင်းနှီး ပွင့်လင်းစွာ ပြန်လည်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ် စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်နှင့် အဖွဲ့ဝင်များ မှော်ဘီမြို့နယ် သန္တေပင်ကျေးရွာတွင် မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများမှ အမျိုးသမီးများ၊ ရပ်ကွက်ကျေးရွာများမှ အမျိုးသမီးများနှင့် အမျိုးသမီးရေးရာ စကားဝိုင်းများဖွဲ့၍ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

လှည်းကူးမြို့နယ်ကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် စည်းဝေး

ရန်ကုန် စက်တင်ဘာ ၂၇

လှည်းကူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ၂၀၀၆ ကို စက်တင်ဘာ၉ရက်က မြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တိုင်းအလုပ်အမှုဆောင်ဦးဆွေအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက်မြို့နယ်အတွင်းရှိ အမှုဆောင် သားသမီးများ၏ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူ အသီးသီးအား ဆုများချီးမြှင့်ကြပြီး အလှူရှင်များက အလှူငွေများ လှူဒါန်းကြရာ မြို့နယ်အတွင်းရေးမှူး ဦးဝင်းမြိုင်က လက်ခံယူကြောင်း သိရသည်။

(က–ပ)

မွန်ပြည်နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး၊ ဆုများချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၇

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို စက်တင်ဘာ ၂၄ ရက်က မော်လမြိုင်မြို့ရှိ ပြည်နယ် ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနာယက မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း (အပေါ်ပုံ)**နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့တက်ရောက်၍ အမှာစကားပြောကြားကြသည်။**

အမှာစကားပြောကြား

ရှေးဦးစွာ မွန်ပြည်နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ် အမှုဆောင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် အုန်းမြင့်တို့က အမှာ စကားပြောကြားကြသည်။

ယင်းနောက်မွန်ပြည်နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် အလှူရှင်များ၏ လှူဒါန်းငွေများကို တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး နှင့်ဌာနဆိုင်ရာများက လက်ခံကြသည်။

ဆုချီးမြှင့်

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်ခဲ့သော သင်တန်းများ၌ ထူးချွန်ဆုရရှိကြသူ များနှင့် ၂၀၀၅-၂၀၀၆ခုနှစ် တက္ကသိုလ် ဝင်စာမေးပွဲတွင် မွန်ပြည်နယ်၌ အောင် ချက် အကောင်းဆုံးဆုရ အခြေခံပညာ အထက်တန်းကျောင်း သုံးကျောင်းနှင့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရှင် ငါးဦးနှင့် ငါးဘာသာဂုဏ်ထူးရှင် ၁၈ ဦးတို့အား တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး နှင့်ပြည်နယ်ဌာနဆိုင်ရာများက ဆုများ ကို ချီးမြှင့်ကြသည်။

ယင်းနောက် အစည်းအဝေးကို မွန် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမ၌ဆက်လက်ကျင်းပ ရာပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင် စိုးမိုးနိုင်ကအမှာစကားပြောကြားသည်။

ဖတ်ကြားတင်သွင်း

ထို့နောက် ပြည်နယ်အသင်းအလုပ် အမှုဆောင်အဖွဲ့က တစ်နှစ်တာ အစီ ရင်ခံစာကို လည်းကောင်း၊ သထုံခရိုင် နှင့် မော်လမြိုင်ခရိုင် အသင်းအတွင်းရေး မှူးများက အသင်းအလုပ်အမှုဆောင် အဖွဲ့၏ တစ်နှစ်တာ အစီရင်ခံစာများကို လည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး ပြည်နယ်အလုပ်အမှုဆောင်အဖွဲ့က အကြံ ပြုချက် စာတမ်းများကို ရှင်းလင်းဆွေး နွေးဖြေကြား၍ ဆုံးဖြတ်ချက်နှင့် မှတ် တမ်းတင်ခြင်းတို့ကို ချမှတ်ဆောင်ရွက် ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်ကျွန်းမြို့နယ်အသင်း အရုဏ်ဆွမ်းလောင်းလှူပွဲ

ရန်ကုန် စက်တင်ဘာ ၂၇

မော်လမြိုင်ကျွန်းမြို့နယ်အသင်း (ရန်ကုန်)၏ ပဥ္စမအကြိမ်မြောက် ပညာရည်ချွန်ဆုနှင်းပွဲနှင့် အရုဏ်ဆွမ်းလောင်းလှူပွဲကို အောက်တိုဘာ ၈ ရက် တွင် မော်လမြိုင်ကျွန်းမြို့၌ ကျင်းပမည်ဖြစ်သည်။ ရန်ကုန်မှ အောက်တိုဘာ ၆ ရက် နံနက် ၈ နာရီတွင် ရောဝတီသင်္ဘောဖြင့် သွားရောက်ပြီး ၈ ရက်ညနေ တွင် ရန်ကုန်သို့ ပြန်လည်ထွက်ခွာမည်ဖြစ်ရာ လိုက်ပါလိုသော အသင်းသူ အသင်းသားများ အောက်တိုဘာ ၂ ရက် နောက်ဆုံး ထား၍ အသင်းအတွင်းရေးမှူး ဦးစိုးပိုင် (မြန်မာမျက်မှန်) ဖုန်း-၃၇၅၆၈၀ နှင့် ဦးမြင့်မောင် (ရုံးတာဝန်ခံ) ဖုန်း-၂၁၁၂၆၇ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က-ပ)**

ခင်ပွန်း ဦးစိန်မောင်အား ရည်စူး၍ ရန်ကုန်မြို့ ပါရမီရိပ်သာ စည်ပင် သာယာလမ်း အမှတ် ၆နေ ဒေါ်မိမိမြိုင် (၈၁)နှစ် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို တိ=နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင် ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံ၌ စိုက်ပျိုးရေးထုတ်လုပ်မှု ဖူလုံသည်နှင့်အမျှ ကိုယ်ပိုင်ရပ်တည်နိုင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်နှင့်အညီ သင့်လျော်သည့် မူဝါဒများချမှတ်

မိမိပိုင် ရင်းမြစ်များဖြင့် စီးပွားရေးတည်ငြိမ်မှုရရှိအောင် ကြိုးပမ်းနေ စီးပွားရေး တိုးတက်မှုအရှိန် ဆက်လက်ထိန်းထားရန် ကြိုးပမ်းအားထုတ်

နေပြည်တော် စက်တင်ဘာ ၂၇

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ (၆၁) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို စက်တင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ စင်ကာပူသမ္မတနိုင်ငံ Sentec Singapore International Convention and Exhibition Centre၌ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏အဖွဲ့ဝင် ၁၈၄ နိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးများ၊ ဂါဗာနာများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များတက်ရောက်ကြသည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံ ငွေအဖွဲ့နှင့်ကမ္ဘာ့ဘဏ်တို့၏ (၆၁)ကြိမ် မြောက်နှစ်ပတ်လည်အစည်းအဝေးကို စက် တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီ တွင် Sentec Singapore International Convention and Exhibition Centre ၌ ကျင်းပရာ နှစ်ပတ်လည်အစည်းအဝေးသဘာပတိ ဂူရာနာနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး Mr. Bharrat Jagdeoနှင့် စင်ကာပူ သမ္မတ နိုင်ငံ ဝန်ကြီးချုပ်နှင့်ဘဏ္ဍာရေးဝန်ကြီး Mr. Lee Hsein Loong တို့က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားကြ သည်။

သုံးသပ်ပြောကြား

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ဦးဆောင်ညွှန် ကြားရေးမှူး Mr. Rodrigo De Rato က အဖွဲ့ဝင်နိုင်ငံများအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် ငွေရေး ကြေးရေး ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုအခြေအနေများကို သုံးသပ် ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Mr. Paul Wolfowitz က ကမ္ဘာ့ နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကမ္ဘာ့ဘဏ်၏ ဆောင်ရွက် ချက်များကို ရှင်းလင်းပြောကြားပြီး ကမ္ဘာ့ဘဏ်ဂါဗာနာများဖြစ်ကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီး များက နိုင်ငံအလိုက် ဘဏ္ဍာရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် စီးပွားရေး အခြေအနေများနှင့် ကမ္ဘာ့စီးပွားရေး အခြေအနေများ ရှင်းလင်းဆွေးနွေး ပြောကြားကြသည်။

စီးပွားရေးဖွံ့ဖြိုး

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံ ငွေအဖွဲ့နှင့်ကမ္ဘာ့ဘဏ်တို့၏(၆၁)ကြိမ် မြောက် နှစ်ပတ်လည် အစည်းအဝေး ဒုတိယနေ့အစီအစဉ်ကို စက်တင်ဘာ ၂၀ ရက်နံနက်ပိုင်းတွင်ဆက်လက်ကျင်းပ ရာ နိုင်ငံအသီးသီးမှ ဘဏ္ဍာရေးဝန်ကြီး များက နိုင်ငံအလိုက် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေး အခြေအနေများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေ များကို ပြောကြားကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကလည်း မြန်မာနိုင်ငံ၏ဘဏ္ဍာရေး၊ ငွေ ရေးကြေးရေးနှင့် စီးပွားရေးတိုးတက်မှု အခြေအနေများကိုလည်းကောင်း၊ ဆက် လက်ဆောင်ရွက်မည့် အခြေအနေ များကို လည်းကောင်း ရှင်းလင်းပြော ကြားသည်။

ဆက်လက်ဆောင်ရွက်

ထို့နောက် မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် လှထွန်းကလည်း မြန်မာနိုင်ငံ၏ဘဏ္ဍာ ရေး၊ ငွေရေးကြေးရေးနှင့် စီးပွားရေး တိုးတက်မှု အခြေအနေများကို လည်း ကောင်း၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း ရှင်း လင်းပြောကြားရာတွင် မြန်မာနိုင်ငံ သည် လူမှုရေးဆိုင်ရာ အဓိကလိုအပ် ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် မိမိပိုင်ရင်းမြစ်များဖြင့် စီးပွားရေးတည် ငြိမ်မှုရရှိအောင် ကြိုးပမ်းနေကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေး အခြေအနေ သည် စဉ်ဆက်မပြတ် ခိုင်မာစွာတိုးတက် နေသည်ကိုပြောကြားလိုကြောင်း၊ မြန်မာ နိုင်ငံတွင် စိုက်ပျိုးရေးထုတ်လုပ်မှု ဖူလုံ သည်နှင့်အမျှ ကိုယ်ပိုင်ရပ်တည်နိုင်သည့် အခြေအနေရှိကြောင်း၊ စက်မှုဖွံ့ဖြိုးမှုကို ဦးစားပေးဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်များ နှင့်အညီ သင့်လျော်သည့် မူဝါဒများကို ချမှတ်အကောင်အထည် ဖော်လျက်ရှိ ကြောင်း၊ ထောင်စုနှစ်ရည်မှန်းချက်များ (MDGs)ကို အောင်မြင်ရန် အကောင် အထည်ဖော်ရာတွင် စိန်ခေါ်မှုများရှိဆဲ ဖြစ်ပြီး၊ သက္ကရာဇ် ၂၀၁၅ ခုနှစ်တွင် ရည် မှန်းချက်များ ပြည့်မီစေရန် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မည်သည့် အကြမ်းဖက်တိုက်ခိုက်မှုကိုမျှ လက်မခံ ကြောင်း၊ အကြမ်းဖက် တိုက်ခိုက်မှု အပေါ် ငွေကြေးထောက်ပံ့မှု၊ ငွေကြေး ခဝါချမှုနှင့် လူမှောင်ခိုကူးမှုတို့ကို တိုက် ဖျက်ရန် စဉ်ဆက်မပြတ် အားထုတ် လျက်ရှိကြောင်းတို့ကို နိုင်ငံတကာ အဖွဲ့ အစည်းများအနေဖြင့်သိရှိစေလိုကြောင်း၊ မိမိတို့အနေဖြင့် အပြည်ပြည်ဆိုင်ရာ စံနှုန်းများ၊ သတ်မှတ်ချက်များနှင့်အညီ ဆီလျော်သည့် ဥပဒေနှင့်နည်းဥပဒေ များကိုထုတ်ပြန်ပြီးဖြစ်ကြောင်း၊ မြန်မာ နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အဖွဲ့ အစည်းများနှင့်ဒေသဆိုင်ရာအဖွဲ့အစည်း များတွင် အဖွဲ့ဝင်အဖြစ် တက်ကြွစွာ ပါဝင် ဆောင်ရွက်လျက်ရှိပြီး စီးပွားရေး ပိုမိုပူးပေါင်းဆောင်ရွက်ရန်၊ ကုန်သွယ် ရေး ပိုမိုချောမွေ့စေရန်နှင့် နယ်စပ် ဖြတ်ကျော် ကုန်သွယ်ရေးတိုးချဲ့ရန်၊ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရန် တို့အတွက် ဒေသဆိုင်ရာစီမံကိန်းများ တွင်ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတကာ အဖွဲ့အစည်းနှစ်ရပ် အတွင်း တူညီသည့် ပြောရေးဆိုခွင့် ရှိရန်လည်းလိုအပ်ကြောင်း၊ ဦးဆောင်မှု အခန်းကဏ္ဍ၌ တာဝန်ယူဆောင်ရွက် ရာတွင်လည်း ၎င်းတို့၏ အဓိကတာဝန် ကိုမမေ့လျော့ရန်လိုအပ်ပြီး မူဝါဒချမှတ် ရေးလုပ်ငန်းစဉ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကိုယ်စားပြုမှုကို တိုးမြှင့်ပေးရန်လိုအပ် ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့အနေဖြင့် ဘက်လိုက်ခြင်းမရှိဘဲ မက်ခရိုစီးပွား ရေးဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင် နေရသောနိုင်ငံများအား တိုးမြှင့်အထောက် အပံ့ပေးသွားရန်ကို တောင်းဆိုလို ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏ စီးပွားရေး တိုးတက်မှုအရှိန်ကို ဆက် လက် ထိန်းထားရန်အတွက် ကြိုးပမ်း အားထုတ်မှုများကို ဆက်လက်ပြုလုပ် သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြား ခဲ့သည်။

ယင်းနောက် သဘာပတိ ဂူရာနာ နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အပြည်ပြည် ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ (၆၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို အောင် မြင်စွာ ရုပ်သိမ်းလိုက်သည်။

အကျိုးတူဆွေးနွေး

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းခေါင်း ဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့အား အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ (၆၁) ကြိမ်မြောက် နှစ်ပတ်လည် အစည်း အဝေးကျင်းပနေစဉ် ကာလအတွင်း Overseas Chinese Ban king Corporation ဒုတိယ အမှုဆောင် ဥက္ကဋ္ဌသည် စက်တင်ဘာ ၂၀ ရက် ညပိုင်းတွင် လာရောက်တွေ့ဆုံပြီး နှစ်ဦး နှစ်ဖက်အကျိုးတူ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်း ဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ် တို့၏ (၆၁)ကြိမ်မြောက် နှစ်ပတ် လည်အစည်းအဝေးသို့ တက်ရောက် ခဲ့ပြီးနောက် ယမန်နေ့ မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် နေပြည်တော် လေဆိပ်သို့ ပြန်လည်ရောက်ရှိလာ သည်။

ပြန်လည်လိုက်ပါ

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်း ဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြား ရေးမှူး ဒေါ်ဥမ္မာစိန်နှင့် ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူး ဦးမင်းထွဋ်တို့ ပြန်လည်လိုက်ပါ လာကြ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

စက်တင်ဘာ ၁၄ ရက်က သာကေတမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ်အထိမ်း အမှတ် အသက် ငါးနှစ်အောက် ကလေးများအတွက် အစားအစာ အချက်အပြုတ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂/တောင်ရပ်ကွက် မြို့နယ်အသင်းရုံးတွင် ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းရီက ပထမဆုရ ၇/အရှေ့ရပ်ကွက်အား ဆုချီးမြှင့်စဉ်။ (၁၀၂)

မန်ယူတို့ နယူးကာဆယ်ကို ခက်ခက်ခဲခဲ ရင်ဆိုင်ရဖွယ်ရှိ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ အောင်ပွဲဆက်မည့် ပရီမီယာလိဂ်ပွဲစဉ်(၇)

ရန်ကုန် စက်တင်ဘာ ၂၇

ပရီမီယာလိဂ်ပွဲစဉ်(၇)ကို စက်တင်ဘာ ၃၀ နှင့် အောက်တိုဘာ ၁ ရက်များ၌ ဆက်လက်ကစားမည်ဖြစ်ရာ ချယ်လ်ဆီးနှင့် မန်ယူတို့ အိမ်ကွင်းများတွင် ကစားရမည့်ပွဲဖြစ်သော်လည်း ပြိုင်ဘက်များဖြစ်သည့် အက်စတွန်ဗီလာနှင့် နယူးကာဆယ်တို့က ခြေစွမ်းပြန်ပြနေသဖြင့် အလွယ်တကူဖြတ်ကျော်ရန် မလွယ်ချေ။ ထို့အတူ လီဗာပူးသည်လည်း ဘော်လ်တန် နှင့်တွေ့ရမည်ဖြစ်သဖြင့် ပွဲကျပ်ဖြစ်လျက်ရှိပြီး ခြေပျက်နေသောချာလ်တန်နှင့် ဆုံရမည့် အာဆင်နယ်တို့သာ အခြေအနေ ကောင်းမည့် အနေအထားရှိသည်။

ချယ်လ်ဆီးနှင့် ဗီလာ

အက်စတွန်ဗီလာတို့ခြေတက်နေသော်လည်း ချယ်လ်ဆီးကိုအနိုင်ကစားရန် မျှော်လင့်ချက်မထားနိုင်ချေ။ သရေပွဲပင် မလိုချင်သော နည်းပြမော်ရင်ဟိုက အိမ်ကွင်း၌ ကစားရမည်ဖြစ်သော်လည်း လူစုံထုတ်ကစားမည်သာဖြစ်သည်။ အက်စတွန်ဗီလာတွင် အက်ဘွန်လာဟောနှင့် မိုရေးတို့က ဂိုးသွင်းနေကြရာ ရှေ့၊ နောက်၊ လယ် ညီညွတ်သော ချယ်လ်ဆီးကို ခြေရည်တူကစားမည်ဖြစ်သည်။

သို့သော်တန်းစီဇယားထိပ်ဆုံး နေရာပြန်ရောက်လာပြီဖြစ်သော ချယ်လ်ဆီးတို့က နိုင်ပွဲများဆက်တိုက် ရရန်သာ ကြိုးစားတော့မည်ဖြစ်ရာ အိမ်ကွင်းရှုံးပွဲမရှိသောရလဒ်ကို ချယ်လ်ဆီးတို့ ဆက်လက်ထိန်းသိမ်းထားမည်သာဖြစ်သည်။

ချယ်လ်ဆီးတွင် ဒဏ်ရာရရှိနေသူများလည်းမရှိဖြစ်နေရာ လူစုံထုတ်ကစားနိုင်သော ချယ်လ်ဆီးထံမှ အက်စတွန်ဗီလာတို့ သရေပွဲမျှော်လင့်နိုင်ရန်ပင် အခွင့်အရေးနည်းပါးလွန်းနေသည်။

အနိုင်ဂိုးအတွက် မန်ယူက အားထားနေရသည့် ဆာဟာ

မန်ယူနှင့် နယူးကာဆယ်

အိမ်ကွင်း၊ အဝေးကွင်း ရှုံးပွဲ၊ သရေပွဲများဖြစ်လာသော မန်ယူသည် နယူးကာဆယ်ကို အိမ်ကွင်း၌ ကစားရမည် ဖြစ်သော်လည်း လွယ်လွယ်ကူကူကျော်ဖြတ်အနိုင်ယူရန် မလွယ်ချေ။ မနှစ်က မန်ယူကွင်း၌ နှစ်ဂိုးပြတ်အနိုင်ယူခဲ့သော ရလဒ်ကို ယခုပွဲပြန်ရရန်ခက်ခဲလိမ့်မည်ဖြစ်သည်။

မန်ယူ၏ ကွင်းလယ်ကစားကွက် အားနည်းမှုနှင့် တိုက်စစ်အဆုံးသတ်မှု အားနည်းချက်များကို ဖာဂူဆန် အမြန်ဆုံးပြုပြင်မှသာ ရရှိတော့မည်ဖြစ်သည်။ ပါရမီရှင်လူငယ်များဖြစ်သော်လည်း နည်းပြဗျူဟာ အခင်းအကျင်းကလိုနေဆဲဖြစ်နေရာ စနစ်တကျပြင်ဆင်ပြီး ကစားမှသာရလဒ်ကောင်းနိုင်မည်။

မန်ယူသည် နယူးကာဆယ်ကို အိမ်ကွင်း၌ အနိုင်ရရှိရေး အကောင်းဆုံးလူစာရင်းဖြင့် ပွဲထုတ်ကစားမည်ဖြစ်ရာ နယူးကာဆယ်တို့ကလည်း မန်ယူ၏ခြေစွမ်းမတည်ငြိမ်မှုကို အခွင့်ကောင်းယူကာ အနိုင်ရရေး ဦးတည်ကြိုးစားကစားမည်ဖြစ်သည်။ မန်ယူတိုက်စစ်၌ ရွန်နေနှင့် စီရိုနယ်ဒိုတို့ကလည်း အတွဲညီမှုလိုအပ်နေပြန်ရာ တောင်ပံမှပံ့ပိုးပေးမည့် ရိုင်ယန်ဂစ်လည်း တံကောက်ကြောဒဏ်ရာရရှိနေသဖြင့် တိုက်စစ်ပိုင်းဟာကွက်ရှိနေမှုကို ပြုပြင်ယှဉ်ပြိုင်နိုင်မှသာ နိုင်ပွဲရမည့် အနေအထားရှိသည်။

ချာလ်တန်နှင့် အာဆင်နယ်

နိုင်ပွဲများရနေသည့် အာဆင်နယ်တို့ ချာလ်တန်ကို ဂိုးပြတ်သွင်း အနိုင်ယူမည့်ခြေစွမ်းရနေသည်။ ပရီမီယာလိဂ်၊ ချန်ပီယံလိဂ်တွေမှာ နိုင်ပွဲများရလာတာကြောင့် အာဆင်နယ်တို့စိတ်ဓာတ်တက်ကြွနေသည်။ ဂါးလက်စ်ကလည်း အာဆင်နယ်၌ ဂိုးများသွင်းပြီး အောင်ပွဲရရန်လည်း ဖန်တီးနိုင်စွမ်းရှိသည့်အပြင် အွန်နရီလည်း ပြန်ကစားပြီး ဂိုးများသွင်းနေသဖြင့် အာဆင်နယ်ကို ချာလ်တန်တို့ သရေကစားရန်ပင်မလွယ်ချေ။

ချာလ်တန်တွင် ကာဘစ်ရှလေ မရှိတော့သည့်အတွက် ကစားအားကျသွားခြင်းကို ချယ်လ်ဆီးနှင့်ဘိုရိုတိုက်စစ်မှူးဟောင်း ဟယ်ဆယ်ဘိန့်နှင့် အစားထိုးကစားခဲ့သော်လည်း ထူးထူးခြားခြားရလဒ်မကောင်းဘဲ ရှုံးပွဲများဖြင့်သာ လုံးထွေးနေရရာယခုပွဲအာဆင်နယ်တို့အဝေးကွင်း၌ကစားရသော်လည်း နိုင်ပွဲဆက်တိုက်ယူမည့်ပွဲပင်ဖြစ်သည်။

ဘော်လ်တန်နှင့် လီဗာပူး

ရီမေတီ၊ ဖော်ကျွန်းနှင့် အီဒန်တာလ်တို့နှင့် အားဖြည့်ထားသည့် ဘော်လ်တန်တို့ ယခုနှစ်ခြေစွမ်းပုံမှန် ရလျက်ရှိရာ အိမ်ကွင်းတစ်ပွဲမျှမရှုံးသေးချေ။ ယခုနှစ် ပရီမီယာလိဂ်၌ ခြေစွာနေသောပို့စ်မောက်ကို အိမ်ကွင်း၌ပင် နိုင်ပွဲရပ်တန့်အောင်ကစားခဲ့သည့် ဘော်လ်တန်ခြေစွမ်းကား ပရီမီယာလိဂ်၌ စိတ်ဝင်စားစရာကောင်းသည့် အသင်းဖြစ်လာသည်။ ၄း၃း၃ ပုံစံကစားတတ်သော ဘော်လ်တန်တိုက်စစ်တွင် ဒိုင်အုတ်ဖ်၊ အနယ်လ်ကာ၊ ဒေးဗစ်တို့ကလည်း ဂိုးရအောင် စွမ်းဆောင်နိုင်သူများဖြစ်သလို ကွင်းလယ်မှ စပိဒ်နှင့် နိုလန်တို့ကလည်း ဂိုးသွင်းနိုင်ကြသူများဖြစ်သည်။

လီဗာပူးတို့ကလည်း နိုင်ပွဲများရနေရာ ဂွန်ဇာလက်ဇ်၊

အာဆင်နယ်အတွက် ဂိုးတွေသွင်းနေသည့် အွန်နရီ

ကွတ်၊ ရီစီတို့က ဂိုးသွင်းပြီး လီဗာပူးအတွက် ရလဒ်ကောင်းအောင်ဆောင်ကြဉ်းပေးနိုင်နေရာ အကြိတ်အနယ်ပွဲကောင်းပင်ဖြစ်သည်။ ဘော်လ်တန်ကွင်း၌ လီဗာပူးတို့ မနှစ်က နှစ်ဂိုးစီသရေကစားခဲ့ရာ ယခုပွဲလည်း သရေကျသွားနိုင်သည်။

အဲဗာတန်နှင့် မန်စီးတီး

အိမ်ကွင်း၊ အဝေးကွင်းရှုံးပွဲမရှိသေးသည့် အဲဗာတန်တို့ မန်စီးတီးကို အနိုင်ယူမည့်ပွဲဖြစ်သည်။ အဲဗာတန်တွင် ခရစ္စတယ်ပဲလေ့မှပြောင်းလာသည့် အန်ဒီဂျွန်ဆင်က ဂိုးသွင်းသေချာသလို တင်ကာဟေးကလည်း ဂိုးသွင်းခြေရှိသူဖြစ်သည်။ မန်ယူမှတစ်ရာသီအငှားချထားသည့် ဂိုးသမားတင်ဟောင်းဝပ်ကလည်းလက်စွမ်းပြပြီး သေချာပေါက်ဂိုးများကို ကာကွယ်လျက်ရှိရာ အဝေးကွင်းခြေပျက်တတ်သော မန်စီးတီးတို့ သရေရအောင် ကြိုးစားရန်းကန်ရမည့်အနေအထားဖြစ်သည်။

မန်စီးတီးတွင် ဆာမာရက်စ်က ဂိုးပြန်သွင်းနေ၍ မန်စီးတီးတို့နိုင်ပွဲရနေသော်လည်း နောက်တန်းအားနည်းသော မန်စီးတီးတို့ အဲဗာတန် တိုက်စစ်မှူးများကို ဟန့်တားရန် လွယ်မည်မဟုတ်ရာ အဲဗာတန်တို့ အိမ်ကွင်း၌ သုံးမှတ်အပြည့် ရမည့်ပွဲပင်ဖြစ်သည်။

ရှဖီးလ်နှင့် မစ်ဒယ်ဘရော့

အာဆင်နယ်ကို သရေကစားပြီး ချယ်လ်ဆီးကို အနိုင်ကစားခဲ့သော မစ်ဒယ်ဘရော့တို့လည်း ရှုံးပွဲများဆက်တိုက်ကြုံတွေ့နေရာ လက်ရှိခြေစွမ်းဖြင့် ရှဖီးလ်ကိုပင် အတော်ကြိုးစားကစားရမည့် အခြေအနေဖြစ်သည်။ သို့သော် ခြောက်ပွဲကစား တစ်ပွဲမျှ နိုင်ပွဲမရသေးသော ရှဖီးလ်ကို မစ်ဒယ်ဘရော့တို့ နိုင်ပွဲရမည်ဖြစ်သည်။ အဝေးကွင်းဖြစ်သော်လည်း တန်းဆင်းဇုန်နားရောက်နေသောအဖြစ်မှ ကင်းဝေးရန် မစ်ဒယ်ဘရော့တို့ နိုင်ပွဲရအောင်ကစားပြီး သုံးမှတ်အပြည့်ယူသွားနိုင်သည်။

ဘလက်ဘန်းနှင့် ဝီဂန်

ဘယ်လာမီနှင့် ပေါလ်ဒစ်ကော့တို့ ပြောင်းရွှေ့သွားသဖြင့် အားနည်းနေသော ဘလက်ဘန်းတို့ ဂျေဆန်ရောဘတ်နှင့် ဂျက်ဖားတို့ကို ပြန်ဖြည့်ထားနိုင်သဖြင့် အခြေအနေကောင်းများ ဖန်တီးနိုင်နေသည်။ ဘလက်ဘန်းတွင် ပီဒါဆင်၊ မက်ကာသေးနှင့် ပေါလက်ဟာတို့က ဘလက်ဘန်းကို အနိုင်ရအောင် စွမ်းဆောင်နိုင်ကြသည်။ ဝီဂန်တွင် ကာမာရာက အားကိုးနိုင်သော ကစားသမားတစ်ဦးဖြစ်နေပြီး ဟက်စကီးနှင့် ဖစ်ဇ်ဟောတို့ကလည်း ခြေစွမ်းပြနိုင်လျှင် ဘလက်ဘန်းတို့ အကျပ်အတည်းကြုံတွေ့ရနိုင်ပြီး သရေပွဲဖြစ်သွားနိုင်သည်။

စပါးနှင့် ပို့စ်မောက်

ပြီးခဲ့သည့်နှစ်က အိမ်ကွင်း၌ စပါးတို့က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူခဲ့သည့်ရလဒ်ကို စပါးတို့ မေ့ပျောက်ရမည်ဖြစ်သည်။ စပါးတွင် ဘာဘာတော့ ဒဏ်ရာရနေပြီး ဒီဒီယာဇိုရာလည်း အံမဝင်သေးသဖြင့် စပါးတို့ အခြေအနေမကောင်းနိုင်ချေ။ ပို့စ်မောက်က ဘော်လ်တန်တို့ ရပ်တန့်ပစ်သည့်နိုင်ပွဲကို စပါးနှင့် ယခုပွဲ၌ ပြန်ရယူမည်ဖြစ်ရာ ဂျွန်ဆင်၊ ဆိုးကင်းဘဲလ်၊ ကနူးတို့က အကောင်အထည်ဖော်ပေးကြမည်ဖြစ်ရာ အဝေးကွင်းဖြစ်သော်လည်း ပို့စ်မောက်တို့ အလေးသာပေသည်။

ဝက်စ်ဟမ်းနှင့် ရီဒင်း

ခြေစွမ်းပြနေသော ရီဒင်းကို ဝက်စ်ဟမ်းတို့ အိမ်ကွင်းဖြစ်သော်လည်း အနိုင်ရရေး အကြိတ်အနယ် ကြိုးစားရမည်ဖြစ်သည်။ မန်ယူကို သရေပွဲဖြစ်အောင် ကစားခဲ့သော ရီဒင်းခြေစွမ်းက မည့်ကြောင်းပြသနေရာဝက်စ်ဟမ်း၏လက်ရှိအနေအထားနှင့် ရီဒင်းကို အနိုင်ရရန်မလွယ်ချေ။ ရီဒင်းသည်တစ်ဖက်အသင်းတိုက်စစ်ကို ကောင်းကောင်းထိန်းချုပ်နိုင်သည်ဖြစ်ရာ အဝေးကွင်းဖြစ်သော်လည်း ရီဒင်းတို့ သုံးမှတ်ရသွားနိုင်သည်။

ဝက်ဖို့ဒ်နှင့် ဖူလ်ဟမ်

ဝက်ဖို့ဒ်တို့ အိမ်ကွင်းဖြစ်သော်လည်း ဖူလ်ဟမ်ကို အနိုင်မရနိုင်ချေ။ ဖူလ်ဟမ်တွင် ဂျင်မီဘောလက်၊ မက်ဘရစ်နှင့် ဘိုဂါနီဂရာတို့က ကြုံသလိုဂိုးသွင်းနိုင်ကြသူများဖြစ်ရာနိုင်ပွဲတစ်ပွဲမျှ မရသေးသည့် ဝက်ဖို့ဒ်တို့ ဖူလ်ဟမ်ကို သရေရလဒ်ပင် မျှော်မှန်းရန်မလွယ်ချေ။ ဝက်ဖို့ဒ်တွင် ဖရန်စစ်တစ်ဦးတည်းသာ ဂိုးသွင်းနိုင်စွမ်း ရှိနေရာ တန်းမဆင်းရရေးကို ကြိုးစားရမည်ဖြစ်သဖြင့် ဖူလ်ဟမ်ကို အိမ်ကွင်း၌ ခံကစားမည်ဖြစ်သော်လည်း ကံကောင်းမှသာ သရေပွဲရလဒ်ဖြစ်နိုင်မည်ဖြစ်သည်။ ။

သုံးသပ်တင်ပြသူ

မောင်မောင်မြင့်ဆွေ

နိုင်ငံတကာ မြားပစ်ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ရေး လေ့ကျင့်နေ

စက်တင်ဘာ ၂၆ ရက်က မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ လက်ရွေးစင်များ နိုင်ငံတကာ မြားပစ် ပြိုင်ပွဲ များတွင် အောင်ပွဲ ဆင်ယှဉ်ပြိုင်ရေးအတွက် ကျိုက္ကဆံ မြားပစ်ကွင်းတွင် လေ့ကျင့်နေကြစဉ်။ (မြန်မာ့အလင်း)

ကမ္ဘာ့တစ်လွှား အားကစား

အနိုင်ဂိုးများ သွင်းပေးမည့် ရိုနယ်ဒို ရီးရဲမက်ဒရစ်အသင်းသို့ပြန်လာပြီ

ရေးသားတင်ပြသူ
မြင့်မောင်စိုး

ရီးရဲမက်ဒရစ်အသင်းသို့ ပြန်လည်ရောက်လာသော ရိုနယ်ဒိုအား ဒီယာရာက ဤသို့ ဖက်လဲတကင်း ကြိုဆိုခဲ့သည်။ (အင်တာနက်)

မက်ဒရစ် စက်တင်ဘာ ၂၆

ရီးရဲမက်ဒရစ် တိုက်စစ်မှူး ရိုနယ်ဒိုသည် အသင်းတွင် ပါဝင်ကစားရန် ပြန်လာပြီဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

မျှော်လင့်မထား

၎င်းတိုက်စစ်မှူးသည် ဇူလိုင်လက ဘရာဇီးအသင်း ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ပွဲမှ ထွက်ခဲ့ရပြီးနောက် ဒူးခေါင်းခွဲစိတ်မှု ခံယူခဲ့ရသည်။ ရီးရဲမက်ဒရစ်က အောက်တိုဘာ၁ရက်တွင် အက်သလက်တီကိုအသင်းနှင့် ယှဉ်ပြိုင်ကစားရာ၌ ပါဝင်နိုင်ရန် မျှော်လင့်မထားခဲ့ဟုဆိုသည်။

တက်ရောက်

သို့သော်လည်း ရူဗင်နစ္စတယ်ရွိုင်း သမီးမွေးနေ့ပွဲ တက်ရောက်နေရသဖြင့် ရိုနယ်ဒိုအား ပြန်ခေါ်ရကြောင်း နည်းပြကာပယ်လိုက ပြောကြားသည်။ သို့ရာတွင် မန်ယူ တိုက်စစ်မှူးဟောင်း နစ္စတယ်ရွိုင်းသည် ဒိုင်နမိုကိဗ် အသင်းနှင့် ချန်ပီယံပြိုင်ပွဲ ယှဉ်ပြိုင်ရာတွင် ပါဝင်ခဲ့သည်။ နစ္စတယ်ရွိုင်းသည် သူ၏ ရီးရဲမက်ဒရစ်ကစားသမား ဘဝကို အကောင်းဆုံးဖြင့်စတင်ကာ လီပန့်တေးနှင့် ယှဉ်ပြိုင်ရာ၌ ဟက်ထရစ် ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

(အင်တာနက်)

မန်ယူ ချန်ပီယံလိဂ်၌ အောင်နိုင်ရေး ရွန်နေနှင့်စီရိုနယ်ဒိုအတွဲကို အားထား

မန်ယူတိုက်စစ်မှူး ရွန်နေ(ဝဲ)နှင့် တောင်ပံ ကစားသမား စီရိုနယ်ဒို။ (အင်တာနက်)

လန်ဒန် စက်တင်ဘာ ၂၆

ဝိန်းရွန်နေနှင့် စီရိုနယ်ဒိုတို့သည် ချန်ပီယံလိဂ်ပြိုင်ပွဲ ဘင်ဖီကာအသင်းနှင့်မကစားမီကမန်ယူအတွက်အကောင်းဆုံး ခြေစွမ်းပြကစားနိုင်လိမ့်မည်ဟု မန်ယူနည်းပြ ဆာအလက်ဇ် ဖာဂူဆန်က ယုံကြည်ထားခဲ့သည်။

တိုက်စစ်မှူး ရွန်နေသည် ရာသီအစပွဲများတွင် နေးကွေးနေပြီး ဥရောပ ချန်ပီယံလိဂ်တွင် နှစ်နှစ်အတွင်း ကိုးပွဲကစားရာ၌ ဂိုးမသွင်းနိုင်ဘဲရှိသည်။ တောင်ပံကစားသမား စီရိုနယ်ဒိုသည် ဇန်နဝါရီလက ဘင်ဖီကာအသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် လက်ညှိုးတစ်ချောင်းထောင်ပြပြီး အောင်ပွဲခံခဲ့သဖြင့် တစ်ပွဲအပယ်ခံခဲ့ရသည်။ သို့သော်လည်း စီရိုနယ်ဒိုသည် အရည်အချင်းပြည့်ဝပြီး လိမ္မာပါးနပ်မှုရှိပြီး ရွန်နေမှာ အနည်းငယ်လိုနေသေးကြောင်း နည်းပြ ဖာဂူဆန်က သုံးသပ်သည်။

ဂိုးမသွင်းနိုင်

မန်ယူတိုက်စစ်မှူး ရွန်နေသည် ၂၀၀၄ ခုနှစ်က ဖီနာဘတ်အသင်းကို မန်ယူကခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့ရာတွင် ဟက်ထရစ်ဂိုးသွင်းပေးပြီးနောက် ချန်ပီယံလိဂ်တွင် တစ်ဂိုးမျှသွင်းမပေးနိုင်ခဲ့ပေ။ **(အင်တာနက်)**

ရိန်းဂျားဂိုးသမား ဝါးတားရီးရပ်စ်အား နယူးကာဆယ်ခေါ်ယူရန်ကြိုးစားနေ

နယူးကာဆယ်က ခေါ်ယူရန် ကြိုးစားနေသော ဂိုးသမား ဝါးတားရီးရပ်စ်။ (အင်တာနက်)

အင်္ဂလန် စက်တင်ဘာ ၂၆

နယူးကာဆယ်အသင်းသည် မန်စီးတီးဂိုးသမားဟောင်းလည်းဖြစ်၊ ရိန်းဂျား ဂိုးသမားလည်းဖြစ်သူ ရိုနယ်ဝါးတားရီးရပ်စ်အား စာချုပ်ရန် ချဉ်းကပ်လျက်ရှိသည်။

ခေါ်ယူလို

နယူးကာဆယ်ဂိုးသမား ဟာပါအား အကာအကွယ်ဖြစ်စေရန် အသက် ၃၆နှစ်ရှိ အဆိုပါ ဂိုးသမားကို ခေါ်ယူလိုကြောင်း နည်းပြရလင်းရိုဒါက ပြောကြားသည်။

ကြိုးစား

ဝါးတားရီးရပ်စ်သည် နယ်သာလန်လက်ရွေးစင် ဂိုးသမားဟောင်းဖြစ်သည်။ ၎င်းအား နယူးကာဆယ်က ကာလတိုစာချုပ်ဖြင့် ခေါ်ယူရန်ကြိုးစားနေသည်။

ပြောင်းရွှေ့

၎င်းသည် စက်တင်ဘာ၃၀ရက်တွင် မန်ယူနှင့်မကစားမီ နယူးကာဆယ်သို့ရောက်လာဖွယ်ရှိသည်။ ၎င်းသည် ၂၀၀၄ခုနှစ်က ပီအက်စ်ဗွီမှ မန်စီးတီးသို့ ပြောင်းရွှေ့လာသည်။ သို့သော်လည်း မန်စီးတီးတွင် ငါးလသာ ကစားပေးခဲ့ပြီး ၂၀၀၅ခုနှစ် ဇန်နဝါရီလတွင် ရိန်းဂျားအသင်းသို့ ပြောင်းရွှေ့ခဲ့သည်။ **(အင်တာနက်)**

ချန်ပီယံလိဂ်ပွဲစဉ်(၂)၌ မန်ယူနှင့် အာဆင်နယ်တို့ နိုင်ပွဲရ နစ္စတယ်ရွိုင်း သုံးဂိုးသွင်းပြီး ရီးရဲမက်ဒရစ်ကို အနိုင်ရစေခဲ့

လန်ဒန် စက်တင်ဘာ ၂၇

ချန်ပီယံလိဂ်ပွဲစဉ်(၂)ကို စက်တင်ဘာ ၂၆ရက်က ဆက်လက်ယှဉ်ပြိုင်ကစားကြရာ မန်ယူ၊ အာဆင်နယ်နှင့် ရီးရဲမက်ဒရစ်တို့ နိုင်ပွဲများရရှိခဲ့ကြသည်။

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ဆာဟာ၏အနိုင်ဂိုး

မန်ယူအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဆာဟာ ဆွဲပြေးလာပြီး ဤသို့ ကန်သွင်းယူခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

ဘင်ဖီကာနှင့် မန်ယူ

ချန်ပီယံလိဂ် အုပ်စု(စ)၌ မန်ယူတို့ နှစ်ပွဲဆက်တိုက် အနိုင်ရရှိခဲ့သည်။ ပွဲစဉ်(၁)၌ စကော့တလန်ကလပ် ဆဲလ်တစ်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူခဲ့ပြီး ယခုပွဲစဉ်(၂)၌ ပေါ်တူဂီကလပ် ဘင်ဖီကာကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူခဲ့သဖြင့် မန်ယူတို့ အခြေအနေကောင်းသွားသည်။

ကျေနပ်ခဲ့ရ

စီရိုနယ်ဒို၊ ကာရစ်၊ အိုရှေး၊ ပေါလ်စခိုး၊ ရွန်နေနှင့် ဆာဟာတို့က ဘင်ဖီကာနောက်တန်းကို ခြိမ်းခြောက်နိုင်ခဲ့သော်လည်း ပထမပိုင်း ဂိုးမသွင်းနိုင်ခဲ့ချေ။ ဘင်ဖီကာ နောက်တန်းမှ အက်စီဒက်စ်၊ အင်ဒါဆင်နှင့်လီဂိုတို့က မန်ယူတိုက်စစ်မှူးများကို ဟန့်တားထိန်းချုပ်နိုင်ခဲ့သဖြင့် ပွဲချိန် မိနစ်၆၀တွင် ကာရစ် ဖြတ်ပေးလိုက်သည့်ဘောလုံးကို ဆာဟာက အမှတ်မထင်အဝေးမှကန်သွင်းယူလိုက်သဖြင့် ဂိုးရရှိခဲ့ပြီးထိုတစ်ဂိုးတည်းဖြင့်ပင် အနိုင် ရရှိခဲ့ခြင်းဖြစ်သည်။ မန်ယူက ၈၆မိနစ်တွင် ရွန်နေအစား ဖလက်ချာ၊ ဆာဟာအစား စမစ်တို့ကို ထည့်သွင်းကစားခဲ့သော်လည်း ဂိုးထပ်မသွင်းနိုင်ဘဲ တစ်ဂိုးတည်းနှင့် ကျေနပ်ခဲ့ရသည်။

အာဆင်နယ်နှင့်ပေါ်တို

အွန်နရီနှင့် ဗန်ပါစီတို့ကြောင့် အာဆင်နယ်တိုက်စစ် ပြန်အားကောင်းလာခဲ့ရာ ပေါ်တူဂီကလပ် ပေါ်တိုအသင်းကို အိမ်ကွင်း၌နှစ်ဂိုးပြတ်သွင်း အနိုင်ယူနိုင်ခဲ့သည်။ အာဆင်နယ်အသင်းတွင် ဖာဘရီဂတ်စ်၊ ဆီလ်ဗာ၊ ရိုဆစ်စကီတို့ကအလယ်တန်းမှ အားဖြည့်ပံ့ပိုးနိုင်မှုကြောင့် ပွဲချိန် ၃၈ မိနစ်တွင် အွန်နရီက တစ်ဂိုး၊ ပွဲချိန် ၄၈မိနစ်တွင် ဟဲဘ်က တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

ရလဒ်မကောင်း

ပေါ်တိုတိုက်စစ်မှူးများဖြစ်သည့် ဂျော်ဂျင်ဟိုနှင့် ဖူစီလီတို့က ချေပဂိုးပြန်သွင်းရေး ကြိုးစားသော်လည်း အာဆင်နယ် နောက်တန်းကို မကျော်နိုင်သဖြင့် ချေပဂိုးမသွင်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။ ပေါ်တိုအသင်းသည်ပွဲစဉ်(၁)၌ စီအက်စ်အေကေနှင့် ဂိုးမရှိသရေပွဲဖြစ်ခဲ့ရာ ယခု အာဆင်နယ်ကို နှစ်ဂိုးပြတ်ရှုံးခဲ့ပြန်သဖြင့် ချန်ပီယံလိဂ် အုပ်စု(ခ)တွင် ရလဒ်မကောင်းဘဲ ဖြစ်နေသည်။

ရီးရဲမက်ဒရစ်နှင့်ဒိုင်နမိုကိဗ်

အိမ်ကွင်း၌ ရီးရဲမက်ဒရစ်တို့ ဂိုးပြတ် သွင်းယူနိုင်ခဲ့ရာ ပွဲစဉ်(၁)၌ လိုင်ယွန်ကို နှစ်ဂိုးပြတ် ရှုံးခဲ့သဖြင့် ဖိအားပေးခဲ့ရမှုများ လျော့ပါးသွားခဲ့သည်။ ရီးရဲမက်ဒရစ်အတွက် ဂိုးများကို မိနစ် ၂၀၊ ၂၇မိနစ်နှင့် မိနစ် ၇၀တွင် နစ္စတယ်ရွိုင်းက သုံးဂိုး၊ ရေးယက်စ်က ၄၅ မိနစ်တွင် တစ်ဂိုးနှင့် ရာအူးလ်က ၆၁မိနစ်တွင် တစ်ဂိုးသွင်းယူခဲ့ပြီး ဒိုင်နမိုကိဗ်၏ ချေပဂိုးတစ်ဂိုးကို ၄၇မိနစ်၌ မီလပ်ဗ်စကီက သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။

လိုင်လီနှင့် အေစီမီလန်

အေအီးကေ အေသင်ကိုပွဲစဉ်(၁)၌ သုံးဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ယခု ပြင်သစ်ကလပ်လိုင်လီကို ဂိုးမရှိသရေပွဲဖြစ်ခဲ့ရသည့် အေစီမီလန်သည် သရေပွဲဖြစ်အောင် ကြိုးစားကစားခဲ့ရသည်။

အေစီမီလန်မှ ဂီလာဒီနိုနှင့် ဆီးဒေါ့ဖ်၊ ပီယာလိုနှင့် ကာကာ တို့လည်း မည်သို့မျှ ဂိုးမသွင်းနိုင်ဘဲ ရှိနေရာ ဂီလာဒီနိုအစား အင်ဇာဂီ ဝင်ရောက်ကစားသော်လည်း ဂိုးမရရှိသဖြင့်ဂိုးမရှိသရေပွဲဖြစ်ခဲ့ရသည်။

အခြားပွဲရလဒ်များ

စီအက်စ်ကေအေ	၁ - ၀	ဟမ်းဘတ်အက်စ်ဗွီ
စတူအာဘူခါရက်	၀ - ၃	လိုင်ယွန်
အေအီးကေအေသင်	၁ - ၁	အန်ဒါလက်ချ်
ဆဲလ်တစ်	၁ - ၀	ကိုပင်ဟေဂင်

(အင်တာနက်)

အာဆင်နယ်မှ အလက်ဇန္ဒားဟဲဘ်(ယာ) **ဂိုးသွင်းယူလိုက်စဉ်။**
(အင်တာနက်)

လက်ပံတန်းမြို့ ဝါတွင်းအရုဏ်တော် ဆွမ်းလောင်းလှူခြင်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဆွမ်းလောင်းဓမ္မာရုံကြီးတည်ဆောက်ရန် နှိုးဆော်ခြင်း

လက်ပံတန်းမြို့တွင် သံဃိတဒါန ဝါတွင်းအရုဏ်တော် ဆွမ်းလောင်းလှူခြင်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဆွမ်းလောင်းဓမ္မာရုံကြီး တည်ဆောက်ရန်အတွက် အလှူတော်ငွေများကို အောက်ပါပုဂ္ဂိုလ်များထံ ထည့်ဝင်လှူဒါန်း ကုသိုလ်ရယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

၁။ ဆရာမကြီး ဒေါ်ခင်ညွန့် ဖုန်း-၀၅၃-၃၂၁၁၈ လက်ပံတန်းမြို့၊ ၂။ ဒုတိယဗိုလ်မှူးကြီးသိန်းဟန်(ငြိမ်း) လက်ပံတန်းမြို့၊ ၃။ ဦးမောင်မောင်ဌေး(ကန်တစ်ရာ) ဖုန်း-၀၅၃-၃၂၀၆၅၊ လက်ပံတန်းမြို့၊ ၄။ ဦးကံဌေး(မွေးကုဆရာဝန်) ဖုန်း-၀၅၃-၃၂၃၂၆ လက်ပံတန်းမြို့၊ ၅။ ဒေါ်စန်းနွဲ့ ဖုန်း-၀၁-၆၆၄၆၁၇၊ ရန်ကုန်မြို့၊ ၆။ ဦးတင့်လွင် ဖုန်း-၀၁-၂၉၁၄၆၃၊ ၀၁-၂၀၀၆၆၃၊ ရန်ကုန်မြို့၊ ၇။ ဒေါ်မေခိုင်ဝင်း(ဒုတိယညွှန်ကြားရေးမှူး၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနရုံး) ဖုန်း-၀၁-၆၆၇၂၉၄၊ ၀၉ ၅၁၀၄၅၆၈ ရန်ကုန်မြို့၊ ၈။ ဗိုလ်မှူးနိုင်ဝင်း (ညွှန်ကြားရေးမှူး စည်ပင်သာယာရေးဦးစီးဌာန) ဖုန်း-၀၆၇-၄၀၉၄၁၁-နေပြည်တော်။

၂၈-၉-၂၀၀၆ ရက်မှ စတင်၍ ... ရုံတင်ပြသမည့် ...

[illegible]	မိုက်တီးလေလေများ	[illegible]
[illegible]	မိုက်တီးလေလေများ	[illegible]
[illegible]	မိုက်တီးလေလေများ	[illegible]
[illegible]	SAHARA	[illegible]
[illegible]	SUPERMAN RETURNS	[illegible]
[illegible]	မိုက်တီးလေလေများ	[illegible]
[illegible]	မိုက်တီးလေလေများ	[illegible]

☎ 249871

မိဘအမည်မှန်

အထက(၁) တောင်ဥက္ကလာပ တက္ကသိုလ်ဝင်တန်း (G)မှ မောင်ရွှေအောင်၏ဖခင်မှာ ဦးရွှေလင်း ၁၃/လရန(နိုင်)၀၆၂၁၂၉ နှင့် မိခင်မှာ ဒေါ်လုံးစိန် ၁၃/လရန(နိုင်)၀၉၆၉၁၀ ဖြစ်ပါကြောင်း။

KMD Computer Centre

:: i-Office :: Graphics Design :: Desktop Publishing :: Email & Web Design :: Advanced Excel :: Multimedia Creation

:: Basic SE :: Advanced SE :: Programming Courses :: LCCI Courses :: Networking Courses :: NCC Courses

Grade 6 မှ Grade 11 ထိ

Digital WAYS JOURNAL

NIBBAN 2 in 1 Antenna များ ဝယ်ယူရာတွင်

NIBBAN 2 in 1 Antenna ... V-330 Model ... ISO ... 5 Years Warranty ...

NIBBAN ELECTRIC & ELECTRONICS

အမည်ပြောင်း

ရန်ကုန်မြို့ အထက(၂) လသာ တက္ကသိုလ်ဝင်တန်း(G)မှ ဦးကျော်ကျော်တင်၏သမီး မငြိမ်းကေခိုင်ဦးအား မသက်နှင်းဆုဟု ပြောင်းလဲခေါ်ပါရန်။ **မသက်နှင်းဆု။**

ကားရောင်းမည်

Toyota Corona (XL)

၈/-------အခွန်ကျေပြီး

ပိုင်ရှင်ကိုယ်တိုင်။

ဖုန်း-၅၅၄၀၇၆။

B.E(Civil)

09 510 5614, 09 515 3319

SUCCESS LANGUAGE ACADEMY

ENGLISH SPEAKING	30 Sep / 2 Oct / 2 Oct	
Grammar	14 Oct	10:00-12 a.m.
Basic Writing	16 Oct	7:30-9:00 a.m.
Academic Writing	15 Nov	10-11:30 a.m.
Pre-Intermediate 4 Skills	2 Oct	7:30-9:00 a.m.
	9 Oct	10-11:30 a.m.
IE=Academic English	14 Oct	2:00-5:00 p.m.
IELTS	9 Oct	(1:00 - 3:00 p.m.)

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း

Ph: 286871, 09 51 72096

ဦးဇော်ဝင်းနှင့်အများသိစေရန်

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သည့် မအေးဟေမာန်စိုး ၆/ထဝန(နိုင်)၀၈၄၆၅၀ ကိုင်ဆောင်သူနှင့် မအေးဝတ်ရည်စိုး ၆/ထဝန(နိုင်)၀၈၇၁၁၀ ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်ဝင်း ၁၂/ဥကတ(နိုင်)၀၀၈၇၁၇ ကိုင်ဆောင်သူနှင့် ကျွန်ုပ်မိတ်ဆွေများ၏ ဖခင်ဖြစ်သူ ဦးစိုးညွှန့်တို့ နှစ်ဦးသဘောတူလုပ်ဆောင်ခဲ့ကြသော လုပ်ငန်းကိစ္စတစ်ရပ်သည် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် မအေးဟေမာန်စိုး ၆/ထဝန(နိုင်)၀၈၄၆၅၀ ကိုင်ဆောင်သူနှင့် မအေးဝတ်ရည်စိုး ၆/ထဝန(နိုင်)၀၈၇၁၁၀ ကိုင်ဆောင်သူတို့နှင့် လုံးဝပတ်သက်ခြင်း၊ သက်ဆိုင်ခြင်းမရှိခဲ့ပါကြောင်း ဦးဇော်ဝင်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

နောက်နောင် မအေးဟေမာန်စိုးနှင့် မအေးဝတ်ရည်စိုးတို့၏ လူမှုရေး၊ စီးပွားရေး၊ ဂုဏ် သိက္ခာထိပါးစေရန် ဦးဇော်ဝင်းနှင့်မည်သူမျှ ပြောဆိုနှောင့်ယှက်ခြင်းမပြုကြရန်နှင့် မလိုက်နာပါက ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ တားမြစ်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းသိန်း(ဥပဒေတွဲ့)
တရားရုံးချုပ်ရှေ့နေ
ဖုန်း-၀၁-၆၈၁၃၂၄။

ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၂၊ နည်းဥပဒေ-၂၂)

စစ်ကိုင်းတိုင်းတရားရုံး

၂၀၀၀ခုနှစ် တရားမကြီးမှုအမှတ်-၅ နှင့် ဆက်စပ်သည့် ၂၀၀၆ခုနှစ် တရားမဇာရီမှုအမှတ်-၆၁

ခရိုင်မန်နေဂျာ		၁။ ဒေါ်ခင်သီတာဆွေ
မြန်မာ့စီးပွားရေးဘဏ်	**နှင့်**	၂။ ဒေါ်ခင်ဥမ္မာဆွေ
မုံရွာမြို့		
ဒီကရီအနိုင်ရသူ		**တရားရှုံး**

ဒေါ်ခင်သီတာဆွေ၊ ညီမ ဒေါ်ခင်ဥမ္မာဆွေ ကြေးနီထုတ်လုပ်ရေးလုပ်ငန်း၊ သလ္လာရပ်၊ မုံရွာမြို့ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

၂၀၀၀ခုနှစ် တရားမကြီးမှုအမှတ်-၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြဖြေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၀၆ခုနှစ် စက်တင်ဘာ ၂၉ရက် နံနက် ၁၀နာရီတွင် ဤရုံးတော်သို့လာရောက်ရမည်။

၂၀၀၆ခုနှစ် စက်တင်ဘာ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိုးသိန်း
တွဲဖက်တိုင်းတရားသူကြီး
စစ်ကိုင်းတိုင်းတရားရုံး၊ မုံရွာမြို့။

ပဲခူးအထက(၃)မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၇

ပဲခူးမြို့ အထက(၃)တွင် နှစ်ပေါင်း၃၀ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ရန်ကုန်မြို့နေ တပည့်ကျောင်းသားဟောင်းများက စုပေါင်းဂါရဝပြုပူဇော်ပွဲကို အောက်တိုဘာ ၈ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ခြောက်မိုင်ခွဲ (**I.B.C**)၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုကြသော ကျောင်းသားဟောင်းများ အနေဖြင့် ဦးကိုကိုအောင် ဖုန်း-၀၉-၅၁-၁၃၀၆၂၊ ဒေါက်တာဝင်းမောင် ဖုန်း-၀၉-၈၀-၃၂၇၆၀၊ ဦးယဉ်ထွေးသက် ဖုန်း-၀၉-၅၀-၁၂၉၄၄၊ ဦးခင်ကြည် ဖုန်း-၀၉-၅၀-၂၀၈၂၀၊ ဦးသိန်းလွင်ဦး ဖုန်း-၀၉-၉၉-၇၁၄၇၇၊ ဒေါ်သန်းအေး ဖုန်း-၀၁-၅၃၈၅၈၈၊ ဒေါ်ဝါဝါစိုး ဖုန်း-၀၉-၅၀-၀၆၅၆၁၊ ဒေါ်မူမူထွန်း ဖုန်း-၀၁-၅၀၅၉၉၁နှင့် ဒေါ်ခင်နှင်းခိုင် ဖုန်း-၀၉-၅၁-၂၀၇၉၆တို့သို့ စက်တင်ဘာ၃၀ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ပြီး ပူဇော်ပွဲကျင်းပမည့်ရက်တွင်လည်း ကျောင်းသားဟောင်းများအားလုံး တက်ရောက်ပူဇော်ကန်တော့ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

VACANCY

A well established freight forwarding company required for highly motivated,aggressive and dynamic individuals to fill up following position;-

(1) Customer Services Assistant (1) ˚Post
(2) Sales Executive (1) Post

- Male or Female under age of 35 with pleasant personality and good interpersonal skills.
- Able to speak ,read and write English fluently.
- Able to speak a second foreign language is an advantage.

Computer Knowledge is a must with (Microsoft Word & Excel)and good typing skills. Interested applicants are invited to submit a written application stating their particulars including full address and contact telephone number ,copy of certificates, recent photo ,labour registration card and expected salary to; 6 (B-1), Thukha Waddi Road, Yankin Township, Yangon within 7 days from the date of this advertisement .

Tel - 542896, 546733, 546269, 546270, 570425
(For Attractive Salary & Local Services Only)

ဟင်္သာတ၌ ရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်ကျဆင်း

ရန်ကုန် စက်တင်ဘာ ၂၇

ဧရာဝတီ မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၄၂စင်တီမီတာသို့ရောက်ရှိနေပြီး ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာအောက်သို့ကျဆင်းနိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်း ဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတု စိန်တိုးကျောင်းဆောင်တော်ကြီးအတွက် မိဘများအား ရည်စူး၍ သားသမီး ဦးစိန်ထွန်း-ဒေါ်ကျင်အေး၊ မြေး ဦးသန်းနိုင်-ဒေါ်ကေသွယ်၊ မြစ် မောင်ထွန်းထွန်းအောင်၊ မောင်ဝင်းအောင်တို့က အလှူငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ကျောင်းဆောင် ဖြစ်မြောက်ရေးအဖွဲ့ ဦးသိန်းဇော်က လက်ခံယူစဉ်။ (က-ပ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေ မြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ပေါင်းတည်မြို့ ရန်ကုန်-ပြည်လမ်းနေ ကိုမြင့်ဦး-မမြင့်မြင့်သန်း(ရွှေဝတ်မှုံရွှေဆိုင်)၊ကိုစောထွန်း-မရီရီထွန်းနှင့် ခုနစ်ရက်သားသမီး ဓမ္မမိတ်ဆွေများ စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် သုံးသိန်းတစ်သောင်းကို ရန်ကုန်-ပြည်လမ်း ပေါင်းတည်မြို့နေအိမ်၌ ကျောင်းအမှုဆောင် ဒေါ်ကေသက်မော်က လက်ခံယူစဉ်။ (က-ပ)

ဖျာပုံမြို့နယ် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ဖျာပုံ စက်တင်ဘာ ၂၂

ဖျာပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနတို့၏ ကြီးကြပ်စီစဉ်မှုဖြင့် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲကို စက်တင်ဘာ ၂၁ရက် နံနက် ၈နာရီက ဖျာပုံမြို့နယ် ကျုံတာရှမ်းကွင်းကျေးရွာအုပ်စု၊ သလိပ်ကြီးကျေးရွာအုပ်စုနှင့် အောက်ကွင်းကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက ၃၀၀ အတွင်း ငါးခုံးမကောင်ရေတစ်သိန်းခွဲကို အောင်ဟိတ် ငါးသားပေါက်စခန်းမှ ရယူ၍ ငါးမျိုးစိုက်ထည့်ပေးကြသည်။

ငါးမျိုးစိုက်ထည့်

ငါးမျိုးစိုက်ထည့်ပွဲတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးလွင်နှင့် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတောင်သူများ စုပေါင်း၍ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ကြသည်။ **(၃၇၉)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ဦးဗိုလ်ဝ-ဒေါ်သိန်းတို့အား ရည်စူး၍ အမှတ်(၆၅) ပထမထပ် ရွှေတိဂုံဘုရားလမ်း (အောက်) လသာမြို့နယ် ရန်ကုန်မြို့နေ ဦးကျော်သူဆွေ-ဒေါ်ချိုချိုနှင့် သားသမီးများ မိသားစုက အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူဆောင်ဆရာတော် အရှင်ဝိရိယ(နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

သစ်တောသစ်ပင်နှင့် ကျေးငှက်သာရကာ ထိန်းသိမ်းရေးဟောပြော

အုတ်တွင်း စက်တင်ဘာ ၁၈

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော သစ်တောသစ်ပင်နှင့် ကျေးငှက်သာရကာ ထိန်းသိမ်းရေးဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက အုတ်တွင်းမြို့နယ် ကျွဲပွဲကျေးရွာ ကျင်းကြီး(အမက)ခန်းမတွင် ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးမောင်မောင်ခင်က သစ်တောသစ်ပင်နှင့် ကျေးငှက်သာရကာ ထိန်းသိမ်းရေး၊ တောအုပ် ဦးဝင်းသူရက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောသည်။ (အပေါ်ပုံ) အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အမျိုးသမီးရေးရာအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီအဖွဲ့ဝင်များနှင့် သစ်တောဝန်ထမ်းများ တက်ရောက်ကြသည်။ (၃၁၆)

နောင်ချိုမြို့နယ် သုံးဆယ်ကျေးရွာ၌ အသိပညာပေးဟောပြော ကျေးလက်ဖွံ့ဖြိုးရေး ရှေ့လုပ်ငန်းများ အကောင်အထည်ဖော်

နောင်ချို စက်တင်ဘာ ၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်အရ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်ပြီး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၀ရက် နံနက် ၉နာရီက သုံးဆယ်ကျေးရွာ တွဲဖက်အထက်တန်းကျောင်းတွင် ကျင်းပသည်။

ရည်ရွယ်ချက်

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြငွေက အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများနှင့် အသင်း၏ ရည်ရွယ်ချက်၊ အသင်းဝင်အင်အား တိုးတက်ရရှိရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းရပ်များကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဒုတိယတိုင်းရင်းဆေးမှူး ဦးသစ်လွင်က မိမိဒေသတွင် လက်လှမ်းတမီ အလွယ်တကူရရှိနိုင်သည့် ဆေးဖက်ဝင်အပင်များအကြောင်း သိကောင်းစရာများဟောပြောပြီး ဒေသခံပြည်သူများတွင် ဖြစ်ပွားလေ့ရှိသော ငှက်ဖျားရောဂါ၊ သွေးတိုးနှင့် လေငန်းရောဂါ၊ အစာအိမ်နှင့် အဆစ်အမြစ်ကိုက်ခဲရောဂါ ဝေဒနာရှင်များအား အခမဲ့ဆေးကုသပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မဟာစည်ဝိပဿနာ ၁၀ရက်တရားစခန်း

အုတ်ဖို စက်တင်ဘာ ၁၅

အုတ်ဖိုမြို့ သာသနာ့ရက္ခိတမုန်ကျောင်း ကျောင်းတိုက်ကြီး၏ ပဓာန နာယက ဖြစ်တော်မူသော ဆရာတော်ကိုယ်တိုင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်ကို ပြသမည်ဖြစ်၍ အချိန်ပြည့်၊ အချိန်ပိုင်း တရားအားထုတ်လိုသူ ယောဂီများသည် အောက်တိုဘာ ၂၂ ရက် ညနေအရောက် လာရောက်ကြရန်နှင့် တရားအားထုတ်သောယောဂီများသည် ဆွမ်းစရိတ် လှူဒါန်းရန် မလိုကြောင်း သိရသည်။

(၀၇၄)

ရေတွင်းတူးဖော်ပြီး

၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ကျေးလက်သောက်သုံးရေ ရရှိရေးအတွက် ပေါက်ခေါင်းမြို့ ရှားစေးဖိုကျေးရွာတွင် တစ်လက်မခွဲ တွင်းတိမ်တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ၁၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးနန်း တင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စိုးတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။

(မြို့နယ် စည်ပင်)

စပါးပင်များ ပိုးမွှားရောဂါကာကွယ်ရေး သာယာဝတီတွင် သရုပ်ပြပွဲကျင်းပ

သာယာဝတီ စက်တင်ဘာ ၂၅

သာယာဝတီမြို့နယ် စပါးပင်များ ပိုးမွှားရောဂါကာကွယ်ရေး ပညာပေးသရုပ်ပြပွဲကို စက်တင်ဘာ ၂၂ ရက် နံနက် ၈နာရီခွဲက သင်တောရိုး ကျေးရွာ တောင်သူဦးသန်းဦး၏ လယ်မြေ၌ ကျင်းပသည်။

အဆိုပါ ပညာပေးသရုပ်ပြပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယရဲမှူး သက်ထွန်းက စပါးပင်များ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးပညာပေး သရုပ်ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းဦးက လက်ရှိဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် စပါးခင်းများတွင် သီးနှံပိုးမွှားရောဂါ အန္တရာယ်မှ ကာကွယ်ရန် လိုက်နာရေး စည်းရုံးဆွေးနွေးသည်။

ထို့နောက် မြို့နယ်မန်နေဂျာ ဦးစောမျိုးဇင်ချစ်က ခေတ်မီကာကွယ်မှုနည်းစနစ်များဖြင့် ကျရောက်သည့် ပိုးမွှားရောဂါများအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ လယ်သမားကြီး ဦးသန်းဦး၏ လယ်မြေလေးဧက တွင် စုပါရွက်ဖျန်းမြေဩဇာ ပက်ဖျန်း သရုပ်ပြကြသည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေး)

တောင်တွင်းကြီးမြို့ တရုပ်ကောကျေးရွာအုပ်စု သဖန်းကုန်းကျေးရွာတွင် နှစ်လက်မစက်ရေတွင်းတူးဖော်မှုကို စက်တင်ဘာ ၁၅ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးရဲနိုင်ထွန်းနှင့်ဝန်ထမ်းများ ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်း ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ် စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့် စက်တင်ဘာ ၁၉ ရက်က ကြို့ပင်ကောက်-ဘုကြီး ကျေးလက်လမ်းကို ဂဝံဖြင့်ပြုပြင်ခြင်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဦးတို့က ရှင်းလင်းပြသစဉ်။

(မြို့နယ် စည်ပင်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မလေးရှားနိုင်ငံ စစ်သံမှူးများအား ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ စစ်သံမှူး Colonel, Hj Abbas Bin Hj. Matနှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel, Sanusi Bin Hashim တို့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)** *စာမျက်နှာ ၃ ကော်လံ ၂* ●

အမေရိကန်၏ တင်ပြချက်သည် ပကတိအခြေအနေနှင့် လွန်စွာကင်းကွာ လက်ရှိအခြေအနေမှာ တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းလျက်ရှိပြီး ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေး ကြိုးပမ်းဆောင်ရွက်နေ

ကုလသမဂ္ဂကို အသုံးချပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးစွက်ဖက်မှုသည် နိုင်ငံတော်၏ ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာခြင်းဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)မှ ရှုတ်ချကန့်ကွက်

နေပြည်တော် စက်တင်ဘာ ၂၇

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ စစ်ရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးကော်မတီက သဘောထားထုတ်ပြန် ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၂၅ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၄ ■